# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် ဗုဒ္ဓဟူးနေ့ 1, Wednesday June 2016 (၈၅၇၉)


**လောက၌ အကဲ့ရဲ့လွတ်သူမရှိ**

ကဲ့ရဲ့ခြင်းသည် ရှေးရိုးအစဉ်အလာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာဟောပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သောသူ မည်သည်မရှိပေ။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၂၂၇)

# အစိုးရအဖွဲ့သစ်အပေါ် ပြည်သူလူထုသာမက နိုင်ငံတကာအသိုက်အဝန်းကပါ နားလည်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သမ္မတ ဦးထင်ကျော် ပြောကြား

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ပီတာရော့စ်ကမ် ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာပီတာရော့စ်ကမ်က မြန်မာနိုင်ငံ အစိုးရအဖွဲ့သစ်အပေါ် ဆန္ဒမဲပေးခဲ့ကြသည့် ပြည်သူများအနေဖြင့် မျှော်လင့်ချက်များစွာထားရှိသည်ကို နားလည်ပါကြောင်း၊ အစိုးရအဖွဲ့သစ်အနေဖြင့် ပြည်သူများအကျိုးရှိမည့်ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ အချိန်ယူဆောင်ရွက်ရမည်ကို ပြည်သူများ နားလည်သဘောပေါက်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် လုံခြုံရေးတို့ကိုလည်း ချိန်ညှိဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည့်အပြင် လွှတ်တော်နှင့် အစိုးရအဖွဲ့တို့အကြား ထိတွေ့ဆက်ဆံမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။

နိုင်ငံတော်သမ္မတက မိမိတို့အစိုးရသစ်အပေါ် ပြည်သူလူထု၏ မျှော်လင့်ချက်ကြီးမားသည်ကို အထူးနားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် စိန်ခေါ်မှု

စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာရော့စ်ကမ်နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
<u>အမိန့်ကြော်ငြာစာ</u>
အမှတ်၊ ၂၃/၂၀၁၆
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်)**

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✱

# ဖွံ့ဖြိုးမှုအားနည်းသည့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထူးဦးစားပေး ဆောင်ရွက်သွားမည်

စာမျက်နှာ - ၆






# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်　မေ　၃၁**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဂေါ်တမ်မူခို ပါဒါယ အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော်　မေ　၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

*



# ပြည်သူ့စာကြည့်တိုက် ဘက်စုံသုံးစာဖတ်ခန်းဖွင့်

**ရန်ကုန်　မေ　၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ခရိုင်ပြန်/ဆက်ပြည်သူ့စာကြည့်တိုက်တွင် ဘက်စုံသုံးစာဖတ်ခန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် MBAPF မှ Executive Director ဒေါက်တာသန့်သော်ကောင်းက ဘက်စုံသုံးစာကြည့်တိုက်ကို ပြည်သူများ မိမိ၏ စာကြည့်တိုက်ကဲ့သို့ အချိန်မရွေးအသုံးပြုပြီး ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ကြောင်း ပြောကြားခဲ့သည်။ Beyond Acess Myanmar Project မှ Project Manager ဒေါ်မြတ်စန်းငြိမ်းက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအကြောင်း ပြောကြားပြီး IPRD စာကြည့်တိုက်မှူး ဒေါ်ခင်နှင်းကြည်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် ညောင်ပင်သာကလေးစာကြည့်တိုက်(အင်းစိန်)မှ ဆရာမများက ပုံပြောခြင်း၊ အရုပ်ခေါက်ခြင်းတို့ကိုပြုလုပ်ကြပြီး ICE Youth အဖွဲ့မှ ကွန်ပျူတာအသုံးပြုခြင်းတို့ကို လက်တွေ့ပြသခဲ့သည်။

အဆိုပါဖွင့်ပွဲသို့ ဌာနဆိုင်ရာမှအကြီးအကဲများ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းနေအရွယ်ကလေးငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

◆

☆ ရှေ့ဖုံးမှ

များစွာကိုရင်ဆိုင်နေရပါကြောင်း၊ ပြည်သူများအတွက် ဆောလျင်စွာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်အပြင် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်ကိစ္စများကိုလည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့သစ်အပေါ် ပြည်သူလူထုသာမက နိုင်ငံတကာအသိုက်အဝန်းကပါ နားလည်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ လွှတ်တော်များနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ အမြင်မတူသည့် ကိစ္စရပ်များရှိခဲ့ပါကလည်း အပြုသဘောဆောင်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ယုံကြည်မှုတည်ဆောက်ရေးသည် အရေးကြီးပါကြောင်း၊ လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် လုံခြုံရေးတို့သည် ဆက်နွှယ်လျက်ရှိပြီး လွတ်လပ်မှုကို အတိုင်းအတာဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရေးအတွက်လည်း အသိပညာပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြပြီး အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာစကော့အလန်မာရှယ်လည်း တက်ရောက်သည်။

အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ပိုမိုသိရှိနိုင်ရန် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

| | | |
|---|---|---|
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၃) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၂၄) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၅) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၂၆) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၂၇) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် | တွဲဖက်အတွင်းရေးမှူး |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် အတည်ပြုဝင်ရောက်ခြင်းဖြင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးနှင့် ဝန်ထမ်းများ အခွင့်အရေးများ ရရှိမည်

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံအနေဖြင့် ယခုသဘောတူစာချုပ်ကို အတည်ပြုဝင်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံမှ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် တာဝန်ပေးစေလွှတ်ခန့်အပ်ထားသည့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီးနှင့်ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများရရှိကြမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က "အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်နိုင်ရေး"ကိစ္စနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းတင်ပြသည်။

အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ထိုင်းနိုင်ငံ ချာအမ်း-ဟွာဟင်းမြို့တွင် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၅ ရက်က မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လာအိုနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည်လည်း ယခုစာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို ပြီးစီးအောင်ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံအသိုက်အဝန်း စတင်ပေါ်ပေါက်လာပြီဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများအနေဖြင့် ၎င်းတို့ လက်မှတ်ရေးထိုးထားကြသည့် အာဆီယံဆိုင်ရာ သဘောတူစာချုပ်များအနက်မှ အတည်ပြုရန်ရှိသည့် စာချုပ်၊ သဘောတူညီချက်များကို အတည်ပြုရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်ဖြစ်သည့်အတွက် အာဆီယံ၏ ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုရန် တာဝန်ရှိပါကြောင်း ပြောကြားသည်။

ယခုသဘောတူစာချုပ်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ အတည်ပြုဝင်ရောက်ပြီးဖြစ်ရာ မြန်မာ၊ မလေးရှားနှင့် လာအိုနိုင်ငံတို့သာ အတည်ပြုရန် ကျန်ရှိနေကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံလွှတ်တော်နှင့် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်တို့အကြား ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးဖော်ဆောင်ရန်၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် ဆက်လက်အားပေးကူညီရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အမေရိကန် ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာပီတာရော့စ်ကမ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်၏ ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ပီတာရော့စ်ကမ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

■



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၃၁

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မလေးရှားနိုင်ငံ Selangor မြို့ Sunway Resort Hotel ၌ မေ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသော (၉)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ တတိယအကြိမ် အာဆီယံ +၃ ပညာရေးဝန်ကြီးများ အစည်းအဝေး၊ တတိယအကြိမ် အရှေ့ အာရှပညာရေးဝန်ကြီးများ အစည်းအဝေးများကို တက်ရောက်ခဲ့သည်။**



အစည်းအဝေးများတွင် အာဆီယံပညာရေးဝန်ကြီးများသည် **"အာဆီယံပညာသင်ယူသူများ အသိုက်အဝန်းထူထောင်ကာ ပညာရေးဖြင့် လူမှုဘဝများကို မြှင့်တင်ကြပါစို့"** ဟူသော ဆောင်ပုဒ်ကို သဘောတူ သတ်မှတ်ခဲ့ကြသည်။

ပညာရေးကဏ္ဍ အာဆီယံလုပ်ငန်းအစီအစဉ် (၂၀၁၆-၂၀၂၀)ကို သဘောတူညီနိုင်ခဲ့ပြီး လုပ်ငန်းအစီအစဉ်တွင်ပါဝင်သော လုပ်ငန်းစဉ်(၈)ရပ်ဖြစ်သည့် အရှေ့တောင်အာရှသမိုင်းနှင့် ဒေသဆိုင်ရာအသိပညာကို အားပေးမြှင့်တင်ခြင်းဖြင့် အာဆီယံအကြောင်း သိရှိနားလည်မှုကို မြှင့်တင်ခြင်း၊ အပစ်ပယ်ခံများအပါအဝင် လူတိုင်းအတွက်ပညာရေး သင်ယူခွင့် အခြေခံအခွင့်အလမ်းများနှင့် အရည်အသွေး မြှင့်တင်ခြင်း၊ ပညာရေးတွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကို အသုံးပြုခြင်း၊ နည်းပညာသက်မွေးပညာရေး၊ လေ့ကျင့်ရေးနှင့် ဘဝတစ်သက်တာ သင်ယူလေ့လာရေး၊ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ပညာရေး၊ အဆင့်မြင့်ပညာ တိုးတက်ရေးနှင့် အရည်အသွေးအာမခံချက် ယန္တရားများ၊ တက္ကသိုလ်နှင့် အလုပ်ရုံမိတ်ဖက် ပူးပေါင်းခြင်းနှင့် ဆရာများနှင့် ပညာရေး ဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ခြင်းတို့ဖြစ်သည်။

ထို့အပြင် တတိယအကြိမ် အာဆီယံ +၃ ပညာရေးဝန်ကြီးများ အစည်းအဝေးကို အလှည့်ကျကျင်းပရေးမူအရ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် သတ်မှတ်ခဲ့သည်။ **(ပညာရေး)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီဖွဲ့စည်း

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်သမ္မတရုံး၏ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၅/ ၂၀၁၆ ဖြင့် "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပြန်လည်ဖွဲ့စည်းရေးကော်မတီ" ကို ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre – NRPC) အဖြစ် ပြန်လည်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အဆိုပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အတွင်းရေးမှူးအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်၊ အဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာ မင်းဇော်ဦး၊ ဦးမိုးဇော်ဦး စုစုပေါင်း ၁၀ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များအနေဖြင့် နေပြည်တော်တွင် ဗဟိုဌာနရုံးချုပ်ထားရှိပြီး ရန်ကုန်ရှိယခင် MPC ကို NRPC ၏ ရန်ကုန်ရုံးခွဲအဖြစ် ဖွဲ့စည်းရန်၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်တွင်းပြည်ပ ထောက်ပံ့ကူညီမှုများ၊ နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေကျခံသုံးစွဲမှုများ စနစ်တကျရှိစေရေးအတွက် အလှူရှင်များနှင့် ညှိနှိုင်းရေးလုပ်ငန်းစဉ်များကို NRPC က တာဝန်ယူဆောင်ရွက်နိုင်သည်အထိ ဖွဲ့စည်းပေးရန် စသည်ဖြင့် အချက် ခုနစ်ချက်ပါရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေနံလက်ယက်တွင်းလုပ်ငန်းရှင်များ၏ ရန်ပုံငွေ ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့်အား ယခင်တိုင်းဒေသကြီးအစိုးရအဖွဲ့ မည်ကဲ့သို့ သုံးစွဲခဲ့သည်ကို ယခုအချိန်ထိ မသိရှိရ

**နေပြည်တော် မေ ၃၁**

ရေနံလက်ယက်တွင်းလုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ ထည့်ဝင်ခဲ့သည့် ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့်ကို ယခင်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ သုံးစွဲခဲ့သည်ကို ယခုအချိန်ထိ မသိရှိရသေးပါကြောင်း၊ အသေးစိတ်ခိုင်လုံသော အချက်အလက်များ ရရှိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ရေနံလက်ယက်တွင်း လုပ်ငန်းများက ဒေသဖွံ့ဖြိုးရေးအတွက် ထည့်ဝင်ခဲ့သော ငွေကျပ် ၂ ဒသမ ၈ ဘီလီယံခန့်ရှိကြောင်း၊ ယင်းရန်ပုံငွေများကို အစိုးရအဖွဲ့သစ်သို့ လွှဲ၊ မလွှဲနှင့် လွှဲခဲ့သည်ဆိုပါက မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစားများ လုပ်ကိုင်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ထိုသို့ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ယခင်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းတွင် တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိပါကြောင်း၊ ရေနံလက်ယက်တွင်းလုပ်ငန်းရှင်များမှ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထည့်ဝင်ခဲ့သည့် ငွေကြေးနှင့် စာရင်းဇယားတို့ကို လွှဲအပ်ခဲ့ခြင်းမရှိသဖြင့် ထည့်ဝင်ငွေများနှင့်ပတ်သက်၍ မည်သည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိုမျှ ဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း ဖြေကြားခဲ့သည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၏ ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စုနှင့် မထောခုကျေးရွာ အုပ်စုများ ပြည့်စုံစွာ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ စက်ရုံတည်ဆောက်စဉ် ၁၉၆၀ ခုနှစ်မှ ယခုအထိ မီးလင်းရန် စိုက်ထူအသုံးပြုထားသော သစ်သားတိုင် ဓာတ်တိုင်များကို ကွန်ကရစ်တိုင်အဖြစ် အစားထိုးပေးရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဘီလူးချောင်းဓာတ်အားပေးစက်ရုံအနီး လောပိတကျေးရွာအုပ်စု ၁၉ ရွာနှင့် မထောခုကျေးရွာအုပ်စု ကျေးရွာ ကိုးရွာကို ၁၉၆၀ ခုနှစ်ကစပြီး ဓာတ်အားပေးလျက်ရှိပါကြောင်း၊ တိုးချဲ့နေရာများ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၇၉၆၀ အသစ်တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဇရပ်ဖြူနှင့် ရေနီကန်ကျေးရွာ နှစ်ရွာအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၉၇၆၀ တိုးချဲ့တည်ဆောက်ရန် ပြည်နယ်အစိုးရ ဘတ်ဂျက်တွင် လျာထားပြီး တင်ဒါခေါ်ဆိုရန် စီစဉ်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဦးဖေဇင်ထွန်း



မကွေးတိုင်းဒေသကြီး
ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း

တိုးချဲ့တည်ဆောက်ရန်အတွက် ၄၀၀ ဗို့လိုင်း ပေ ၁၈၂၀၀ နှင့် အစားထိုးလဲလှယ်ရန် သစ်သားတိုင် ၅၈၃ တိုင်တို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံဆောင်ရွက်သွားရန် ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း၌ လျှပ်စစ်မီး ပြတ်တောက်နေမှုများ၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ မဖြန့်ဖြူးနိုင်ခြင်းများကို မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်၊ လျှပ်စစ်မီး ပြတ်တောက်သည့်အခါတွင်လည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ ပုဂ္ဂလိက ကုမ္ပဏီကို လွှဲပြောင်းထားသည်ကို အများပြည်သူများ သိရှိရန် သတင်းထုတ်ပြန်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ၎င်း ပုဂ္ဂလိကကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ကျောက်တံတားမြို့နယ်ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) ကိုယ်စား ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရန် အာကာစိုးကုမ္ပဏီလီမိတက်က ၂၀၁၅ ခုနှစ် မေလမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီများ၏ တာဝန်မှာ ပြည်သူများအား လျှပ်စစ်ဗို့အားပြည့်ဝစွာ ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး၊ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

စာချုပ်အရ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများအနက် အဓိကအချက်များအနေဖြင့် နှစ်စဉ် ၅ နှစ် စီမံကိန်းများရေးဆွဲ၍ ရင်းနှီးမြှုပ်နှံခြင်း၊ ဓာတ်အားသုံးစွဲမှု ဝန်အားတိုးတက်လာခြင်းကို အချိန်မီပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ပါက အမြန်ဆုံး ဓာတ်အားပို့လွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီအနေဖြင့် စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်ပါက စာချုပ်ရပ်စဲမည်ဖြစ်ပြီး စာချုပ်ရပ်စဲသည့်အခါ ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်လုံးကို တန်ဖိုးရယူခြင်းမပြုဘဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)သို့ အပြီးအပိုင် လွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနကလည်း ကုမ္ပဏီအား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

"ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက် လုံလောက်စွာပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်က တင်သွင်းခဲ့ပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။

အဆိုရှင်က မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ခြင်းလုပ်ငန်းထက် ကုသခြင်းလုပ်ငန်းကို ပိုမိုအလေးထားဆောင်ရွက်သည်ကို တွေ့ရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆေးရုံပေါင်း ၉၀၀ ကျော်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဆေးရုံပေါင်း ၁၂၀၀ နီးပါး တိုးတက်လာခဲ့ကြောင်း၊ သို့သော်လည်း ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သူနာပြု၊ သားဖွားသင်တန်းကျောင်း (၄၆) ကျောင်းသာ ရှိခဲ့ကြောင်း။

ကျောင်းကျန်းမာရေးဌာနများမှာ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဌာန (၈၀) သာရှိသည့်အတွက် မိမိတို့နိုင်ငံ၏ အနာဂတ်တွင် အရေးကြီးလှသည့် ကျောင်းကျန်းမာရေးကဏ္ဍသည် မြို့နယ်တိုင်း ရှိရမည်ဖြစ်သော်လည်း လေးပုံတစ်ပုံသာ ရှိပါကြောင်း ပြောကြားပြီး ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုထိရောက်ကြောင်းကို အဆိုရှင်က ထောက်ပြဆွေးနွေးသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်း အမျိုးသားလွှတ်တော် အတည်ပြု

**နေပြည်တော် မေ ၃၁**

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ယနေ့ကျင်းပသည့်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများပြုလုပ်၍ အတည်ပြုလိုက်သည်။



ယခုအတည်ပြုလိုက်သည့် ဥပဒေကြမ်း၏ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် အခန်းတွင် "ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများက ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူဆောင်ရွက်ခြင်းလည်း ပါဝင်သည်" ဟူသော စကားရပ်ဖြင့် ပြင်ဆင်အတည်ပြုသည်။

ဥပဒေကြမ်း၏ အသိပေးတင်ပြခြင်းအခန်းတွင် အပိုဒ် ၃ ကို "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ အောက်ပါအချက်များပါရှိသော အသိပေးတင်ပြချက်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ စာဖြင့် ပေးပို့တင်ပြရမည်။ စီတန်းလှည့်လည်ရာတွင် ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ၄၈ နာရီ ကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကိုပေးပို့ရမည်"ဟု ပြင်ဆင်အတည်ပြုခဲ့သည်။

ထို့ပြင် ဥပဒေကြမ်း၏ စည်းကမ်းသတ်မှတ်ချက်များအခန်း အပိုဒ် ၉ တွင် လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သောအပြုအမူ၊ အပြောအဆိုတို့ကို မပြုလုပ်ရ။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ ပါဝင်စေခြင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာလက်ခံ၍ ပါဝင်ခြင်းတို့ မပြုလုပ်ရ။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် သူတစ်ဦးဦးအားပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်းတို့ မပြုလုပ်ရ။ ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက်နှင့်အညီ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမှ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ စသည့် ဖြည့်စွက်ချက်များကို ထည့်သွင်းအတည်ပြုခဲ့သည်။

ထို့အတူ စည်းကမ်းသတ်မှတ်ချက်များအခန်းတွင် အပိုဒ် ၁၀ အဖြစ် "ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ၊ လက်နက်တစ်စုံတစ်ရာဖြင့် သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်းမပြုရ"ဟု အသစ်ဖြည့်စွက် အတည်ပြုခဲ့သည်။

ဥပဒေကြမ်း၏ အရေးယူဆောင်ရွက်ခြင်းအခန်းတွင်လည်း အပိုဒ် ၁၂ ကို "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုနိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်မဖြစ်စေရန်လည်းကောင်း ဒုတိယရဲအုပ် အဆင့်ထက်မနိမ့်သော ရဲအရာရှိ ဦးဆောင်သည့် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်"ဟု ပြင်ဆင်အတည်ပြုခဲ့သည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင် အပိုဒ် ၁၈ ကို "မည်သူမဆို ပုဒ်မ ၃ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ အသိပေးတင်ပြခြင်းမရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ပြင်ဆင်အတည်ပြုသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်အတွက် ယခုဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ယင်းဥပဒေကြမ်း၏ နိဒါန်း၌ ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဖွံ့ဖြိုးမှုအားနည်းသည့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထူးဦးစားပေးဆောင်ရွက်သွားမည်

**အမေး၊ အရေး- မော်စီ**

အစိုးရသစ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူများ အချိန်တိုအတွင်း လက်တွေ့ အကျိုးခံစားခွင့်ရရှိနိုင်မည့် စီမံချက်များကို ဝန်ကြီးဌာန အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးမှုအားနည်းသည့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရခိုင်ဒေသမှ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် လက်တွေ့အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်သွားမည့်အခြေအနေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

**ဦးသိန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**မေး။ ။ရခိုင်ပြည်နယ်အတွင်း ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်မယ့်အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒလမ်းညွှန်ချက်တွေနဲ့အညီ ပြည်သူလူထုအတွက်လိုအပ်တဲ့ အမှန်တကယ်အကျိုးသက်ရောက်မယ့် လုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာနတစ်ခုကို ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။ အဲဒီ လုပ်သားများဗဟိုဌာန ဖွင့်လှစ်ခြင်းအားဖြင့် ရခိုင်ဒေသမှာရှိတဲ့ နိုင်ငံခြားကို သွားရောက်အလုပ်လုပ်ကိုင်မယ့် လုပ်သားတွေနဲ့ ပြည်တွင်းမှာ အလုပ်လုပ်ကိုင်နေတဲ့ လုပ်သားတွေအတွက် သတင်းတွေကို စုံစမ်းရယူနိုင်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေမှာ ရောက်ရှိနေတဲ့ လုပ်သားတွေအတွက် သတင်းကို ရယူနိုင်သလို ပြည်ပက သတင်းတွေကိုလည်း ပြည်တွင်းမှ ပြန်ပြီးတော့ ရယူနိုင်ပါတယ်။ ဒါ့အပြင် သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ လုပ်သားတွေအနေနဲ့လည်း တခြားနိုင်ငံမှာရှိတဲ့ လုပ်သားများဆိုင်ရာ သတင်းအချက်အလက်တွေကို ဒီစင်တာက ရယူနိုင်မှာဖြစ်တဲ့အတွက် လုပ်သားတွေအတွက် ဒီဌာနဟာ အများကြီးအထောက်အကူပြုမှာဖြစ်ပါတယ်။

ပြီးတော့ အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေ၊ အလုပ်သမားရေးရာနဲ့ သက်ဆိုင်တဲ့ဥပဒေတွေကို အသိပညာပေးမှာဖြစ်ပါတယ်။ ဒီလို အသိပညာပေးဆွေးနွေးခြင်းအားဖြင့် အလုပ်သမားတွေရော၊ အလုပ်ရှင်တွေရော အဆင့်ဆင့်တာဝန်ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်တွေပါ ရပိုင်ခွင့်တွေ၊ ကန့်သတ်ချက်တွေ၊ ဥပဒေတွေကိုသိရှိတဲ့အတွက် ဥပဒေနဲ့အညီဆောင်ရွက်ခြင်းအားဖြင့် အလုပ်သမားရေးရာအငြင်းပွားမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်အတွင်းမှာ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့ အလုပ်သမားတွေ၊ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ အသက်(၁၈)နှစ်ပြည့်တဲ့ ကျောင်းသူ ကျောင်းသားတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်)သူတို့ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုးကိုထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနဲ့အညီ သက်ဆိုင်တဲ့ နိုင်ငံသားကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းကို ရခိုင်ပြည်နယ်အတွင်းမှာ ဦးစားပေးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုစိစစ်ခြင်းအားဖြင့် ဥပဒေနဲ့အညီ နိုင်ငံသားဖြစ်ခွင့်ရတဲ့ ပုဂ္ဂိုလ်တွေဟာလည်း ဥပဒေနဲ့အညီ နိုင်ငံသားဖြစ်ခွင့်ရသွားမှာဖြစ်ပြီးတော့မှ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားတွေကိုလည်း စနစ်တကျထုတ်ပေးသွားနိုင်မှာဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်၊ ဒုတိယဝန်ကြီး**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

**မေး။ ။ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပေးနေမှုအခြေအနေတွေကို အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ၆ ဒသမ ၁၀ ဘီလီယံနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ မြေလမ်း ၂၁ မိုင်၊ ကျောက်လမ်း ၂၅ မိုင်၊ ကတ္တရာလမ်း နှစ်မိုင်၊ ကွန်ကရစ်တံတား ၄၄၉ ပေ၊ ကွန်ကရစ်ရေပြွန် ၂၃၆ ပေ၊ ရေရရှိရေးလုပ်ငန်းအနေနဲ့ မူလရန်ပုံငွေဖြင့် ရေတွင်းခုနစ်တွင်းနဲ့ ရက် ၁၀၀ စီမံချက်အရ ရေကန် ၇၂ ကန်၊ လျှပ်စစ်ဆည်တစ်ခု၊ ကျေးလက်မီးလင်းရေးအနေနဲ့ ဆိုလာမီး ၉၅၅ စုံ၊ဘုန်းကြီးကျောင်း သုံးကျောင်း၊ တန်ဖိုးနည်းအိမ်ရာ ၉၆ လုံးနဲ့ သဘာဝဘေးကြောင့် ပျက်စီးမှုပြုပြင်ခြင်းလုပ်ငန်း ၁၃ ခုတို့ကို ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ရခိုင်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ရခိုင်ပြည်နယ်အတွင်းမှာတော့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေကို စစ်တွေ၊ မင်းပြား၊ မောင်တောမြို့တွေမှာ ဖွင့်လှစ်ပေးထားပါတယ်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သုံးကျောင်းကိုတော့ မောင်တော၊ မင်းပြား၊ အမ်းမြို့တွေမှာ ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါတယ်။

**မေး။ ။အခုလတ်တလော ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ဖြစ်ပွားခဲ့တဲ့ ရာသီဥတုအခြေအနေအရ ရခိုင်ပြည်နယ်အတွင်းနှင့် နိုင်ငံအနှံ့အပြားမှာ သောက်သုံးရေ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လာမယ့်မိုးရာသီမှာ ရေချိုကို စနစ်တကျသိုလှောင်အသုံးပြုနိုင်ဖို့အတွက် စုစုပေါင်းကျေးရွာ ၇၂ ရွာမှာ ရေကန် ၇၂ ကန်ကို စက်ယန္တရားများအသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး ရေကန်တူးဖော်ခြင်းလုပ်ငန်းတွေဟာ သတ်မှတ်ကာလအတွင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးမှာဖြစ်ပါတယ်။



ဘူးသီးတောင်မြို့နယ် သပြေကုန်းရပ်ကွက် အခြေခံပညာမူလတန်း(လွန်)ကျောင်းအား တွေ့ရစဉ်။

**ဦးကျော်လင်း၊ အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ။ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကို ဘယ်လိုဖြည့်ဆည်းဆောင်ရွက်သွားမယ်ဆိုတာကို သိချင်ပါတယ်။**

ဖြေ။ ။ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအားဖြင့် ရခိုင်ပြည်နယ်ထဲဝင်တဲ့ အဓိကလမ်းမကြီး သုံးခုရှိပါတယ်။ နံပါတ်(၁)လမ်းမကြီးက ဧရာဝတီတိုင်းဒေသကြီး ငသိုင်းချောင်းမြို့ကနေပြီးတော့ ရခိုင်ပြည်နယ် ဂွမြို့ကိုဆက်သွယ်တဲ့ ငသိုင်းချောင်း-ဂွ-သံတွဲ လမ်းမကြီးဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ပြည်-တောင်ကုတ်-သံတွဲကို ဆက်သွယ်တဲ့လမ်းမကြီးပါ။ နံပါတ်(၃)ကတော့ မင်းဘူးကနေ မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီး အဓိကလမ်းမကြီး(၃)ခုတို့ရှိပါတယ်။

ဒီလမ်းမကြီး သုံးခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကဆောင်ရွက်မှာဖြစ်သလို ရခိုင်ပြည်နယ်ကနေပြီးတော့ ချင်းပြည်နယ်ကို ဆက်သွယ်မယ့် ကျောက်တော်-ပလက်ဝလမ်းမကြီးကိုလည်း ဒီငါးနှစ်အတွင်းမှာ ကတ္တရာလမ်းအဆင့်၊ ဒီပေါ်မှာရှိတဲ့ တံတားတွေအားလုံးကိုလည်း ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားပါမယ်။ ပလက်ဝမြစ်ကူးတံတားကိုလည်း ဒီငါးနှစ်အတွင်း ဆောင်ရွက်သွားမှာဖြစ်ပြီး ပလက်ဝကနေပြီးတော့ မတူပီလမ်း၊ မတူပီကနေပြီးတော့ ဟားခါးစသဖြင့် ဒီလမ်းမကြီးကိုလည်း ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ရခိုင်ပြည်နယ်ကနေ ချင်းပြည်နယ်၊ အဲဒီက တစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးကိုလည်း ဆက်သွယ်သွားလာနိုင်မယ့်လမ်းပိုင်း တစ်လမ်းတိုးလာမှာဖြစ်ပါတယ်။

အဲဒီအပြင် ပလက်ဝ-ကုလားတန်မြစ်ဝ-အိန္ဒိယပြည်နယ် မဇ္ဈူရန်မြစ်ဝအထိ ဆက်သွယ်သွားလာနိုင်မယ့်လမ်းကိုလည်း အိန္ဒိယနိုင်ငံ အစိုးရရဲ့အကူအညီနဲ့ ဆက်သွယ်ဖောက်လုပ်သွားမှာဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်ကနေတစ်ဆင့် ကျောက်တော်-ပလက်ဝလမ်း အဲဒီကတစ်ဆင့် ပလက်ဝ-မြစ်ဝအထိ မဇ္ဈူရန်ပြည်နယ်နဲ့ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ အဲဒီအပြင် ရခိုင်ပြည်နယ်ထဲကို အဓိကဝင်ပေါက်လမ်းမကြီး သုံးခုအနက်က နံပါတ်(၁)လမ်းမကြီးဖြစ်တဲ့ ငသိုင်းချောင်း-ဂွ-သံတွဲလမ်းကို ကမ္ဘာ့ဘဏ်က ချေးငွေအကူအညီ ဒေါ်လာ သန်း ၂၀ နဲ့ အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာပါ။

နောက်တစ်လမ်းကတော့ မင်းဘူး-အမ်း-စစ်တွေလမ်းမကြီးပါပဲ။ ဒီလမ်းမကြီးကလည်း အသုံးအများဆုံးလမ်းမကြီးဖြစ်ပြီးတော့ အခုဆိုရင် အချို့နေရာတွေဟာ ကတ္တရာလမ်းအဆင့်မြှင့်တင်ဖို့ ကျန်ရှိပါသေးတယ်။ ဒီနေရာမှာလည်း ရခိုင်ပြည်နယ်ဟာ အရည်အသွေးမြင့်တဲ့ ကျောက်တွေ ရှားပါးတဲ့ဒေသဖြစ်တဲ့အတွက် အချို့နေရာတွေမှာ ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိပါတယ်။ ငါးနှစ်တာကာလအတွင်းမှာပဲ ဒီလမ်းကြောင်းတစ်ခုလုံးကို အခုဆိုရင် မင်းဘူး-အမ်း-စစ်တွေအပိုင်းကို ၁၅ နာရီလောက်မောင်းရပါတယ်။ အဲ့ဒါကို ကျွန်တော်တို့က ၁၀ နာရီလောက်အထိ လျှော့ချသွားဖို့ရှိပါတယ်။ ငါးနှစ်အတွင်းမှာ မင်းဘူးကနေ မနက်မောင်းရင် စစ်တွေကို ၁၀ နာရီအတွင်းမှာ ရောက်ရှိဖို့ master plan ရေးဆွဲထားပါတယ်။

အခု ဒီငါးနှစ်တာကာလအတွင်းမှာလည်း ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့ကြီးတွေမှာ စုစုပေါင်းဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၁၀၀၀ လောက် တည်ဆောက်ပေးဖို့ master plan ရှိပါတယ်။ အခုလာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြို့ကြီး ရှစ်မြို့ဖြစ်တဲ့ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်၊ ဘူးသီးတောင်၊ မောင်တော၊ မြေပုံ အစရှိတဲ့ မြို့ကြီးတွေမှာ ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၂၁၀ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အိန္ဒိယနိုင်ငံမှ ကမ်းလှမ်းလာတဲ့ အစီအစဉ်တစ်ခုရှိပါတယ်။ ပုဏ္ဏားကျွန်းမှ မင်းပြားကိုဆက်သွယ်မယ့် ကစ္ဆပနဒီမြစ်ကူးတံတားအသစ်တစ်စင်းနဲ့ ပုဏ္ဏားကျွန်း-မင်းပြား လမ်းအူကြောင်းအသစ်ရှာဖွေရေးကိစ္စဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လမ်းအူကြောင်း သုံးကြောင်း ရှာဖွေထားပါတယ်။ ဒီနေရာမှာ လမ်းအူကြောင်း သုံးကြောင်းရဲ့ တံတားထိုးမယ့်လိုင်းကြောင်းကို ရှာဖွေထားပြီးတော့ အိန္ဒိယနိုင်ငံရဲ့အကူအညီနဲ့ လမ်းအူကြောင်းအသစ်နဲ့ တံတားအသစ်ကြီးစတင်နိုင်ဖို့ ဒီငါးနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မေး။ ။ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ရခိုင်မှာ တိုက်ပွဲရှောင်ဒေသတွေရှိတယ်။ အဲဒီမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အသက်မွေးဝမ်းကျောင်းနဲ့ပတ်သက်တဲ့ပညာတွေ လေ့ကျင့်ပေးမယ်။

ရခိုင်မှာပြီးခဲ့တဲ့ မုန်တိုင်းတုန်းက ချက်ချင်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနက သွားရောက်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းတယ်။ ပူးပေါင်းတဲ့အခါကျတော့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကိုလုပ်တယ်။ လိုအပ်တဲ့ ထောက်ပံ့မှုတွေ အကုန်လုပ်တယ်။ အဲမှာ အရေးကြီးတာက ပြည်သူလူထုပါဝင်ပြီးတော့ သဘာဝဘေးအန္တရာယ်ကျရောက်တာကို ဘယ်လိုတုံ့ပြန်တယ်ဆိုတာကို ဇာတ်တိုက်လေ့ကျင့်မှုတွေလုပ်တယ်။ **စာမျက်နှာ ၇ သို့**



မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာရှိ တိုင်းရင်းသားများအတွက် လုံးချင်းအိမ်ရာများအား တွေ့ရစဉ်။

## ပြည်တွင်းရေးရာ

❂ စာမျက်နှာ ၆ မှ

အကယ်၍ ဖြစ်လာရင် ပြည်သူလူထုအတွက် ကယ်ဆယ်မယ့်ပစ္စည်းတွေ ကျွန်တော်တို့ အဆင်သင့်ပုံထားတယ်။

ရခိုင်ပြည်နယ်မှာဆို အထူးဦးစားပေးပြီး ဆောင်ရွက်ထားတာတွေရှိတယ်။ Cylone Shelter တွေ ဆောက်ထားတာရှိတယ်။ အဲဒီတော့ ပြည်သူလူထုက အန္တရာယ်ရှိရင် အဲဒီနေရာမှာ စုစည်းမယ်။ Cylone Shelter တစ်ခုကို ထောင်နဲ့ချီပြီးတော့ ဆံ့တယ်။ အဲဒီလိုမျိုး ဆောင်ရွက်ထားတာရှိပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနက လက်ရှိဆောင်ရွက်နေတာကို သိချင်ပါတယ်။**

**ဖြေ။** ။ ပြီးခဲ့တဲ့ကာလက စစ်တွေမှာ တဲတန်းလျား ၅၆ လုံး မီးလောင်သွားပါတယ်။ လောင်သွားတဲ့ တဲတစ်လုံးကို သိန်း ၅၀ နှုန်းနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အကူအညီတောင်းခံခဲ့ပါတယ်။ ဒီမီးလောင်မှုဖြစ်စဉ်မှာ သိန်း ၂၈၀၀ လောက်ကို ထောက်ပံ့ပေးခဲ့ပါတယ်။ အဲဒီအပြင် အုန်းတောကြီး မြောက်ဘက်မှာ သိန်း ၆၀ ထောက်ပံ့ပေးခဲ့ပါတယ်။ နောက် ယင်းပြင်ကွက်သစ်မှာလည်း ပြည်သူတွေအတွက် အစိုးရအဖွဲ့က အိမ်တွေကို ဆောက်လုပ်ပြီးဖြစ်ပါတယ်။ ဆောက်လုပ်တဲ့အခါ သန့်ရှင်းရေးအတွက် ရေအိမ်တွေလိုတဲ့အတွက် ဝန်ကြီးဌာနက အိမ် ၁၅၁ လုံးစာအတွက် တစ်လုံးကို တစ်သိန်းနှုန်းနဲ့ ၁၅၁ သိန်းကို ထောက်ပံ့ပေးခဲ့ပါတယ်။

ရွှန်နူ မုန်တိုင်းဝင်လာရင် ကြိုတင်စီစဉ်နိုင်ဖို့ သိန်း ၅၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

**ဒေါ်ခင်သူဇာအေး၊ ဒုတိယညွှန်ကြားရေးမှူး(နယ်စပ်)**
**ပညာရေးဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေတဲ့ ပညာရေးကဏ္ဍနဲ့ပတ်သက်လို့လည်း ဘယ်လိုဆောင်ရွက်နေပါသလဲ။ ဘယ်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

**ဖြေ။** ။ ရခိုင်မှာဆိုရင် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း ကျောင်းသူ ကျောင်းသားစုစုပေါင်းခြောက်သိန်းကျော်အတွက် ပထမအကြိမ် ခွဲဝေမှုလျာထားချက်က သန်းပေါင်း ငါးရာတစ်ဆယ့်တစ်သန်းကျော်လျာထားခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်ပေါင်း ၁၇ မြို့နယ်အတွက် ခရီးစဉ်တွေ လမ်းညွှန်ချက်အရသော်လည်းကောင်း၊ လွှတ်တော်မှာထားတဲ့ကတိကဝတ်နဲ့ သဘာဝဘေးအန္တရာယ်ရှိတဲ့ ကျောင်းတွေအတွက်သော်လည်းကောင်း အကုန်လုံးတိုးချဲ့တာတွေရယ်၊ ကျောင်းဥပဓိရုပ် မကောင်းတာတွေအတွက်ရယ်၊ ရုံးဝန်ထမ်းတွေအတွက် သိပ္ပံခန်း၊ ခန်းမတွေ ဆောက်ဖို့အတွက်၊ မူကြိုကလေးတွေအတွက် အဲဒီလိုအပ်တာတွေအားလုံး စီမံကိန်းလုပ်ငန်းတွေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ စုစုပေါင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ဘဏ္ဍာရေးနှစ်မှာ နှစ်ခုစလုံးအတွက် အားလုံးပေါင်း ၇၀၃၀ ဒသမ ၆၆သန်းလောက်ထိ လျာထားပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ရန်ပုံငွေအနေနဲ့လည်း ရခိုင်ပြည်နယ်အတွက်ဆိုရင် ကျပ်သိန်း ၅၀ ပြင်ဆင်ဖို့ရယ်၊ သိန်း ၁၀၀ ရယ် သိန်း ၁၀၀ ရဲ့အထက် ပြင်ဆင်ဖို့လျာထားချက်တွေကို အားလုံး ရခိုင်ပြည်နယ်အတွက် ၉၈၂ သန်းအထိ လျာထားပါတယ်။



အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မင်းပြား)ကို တွေ့ရစဉ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ပရိဘောဂရန်ပုံငွေတွေလည်း ခွဲဝေပေးထားပြီးဖြစ်ပါတယ်။ လေးယောက်တွဲစာသင်ခုံတွေကိုလည်း ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အသစ်တည်ဆောက်မယ့် မူလတန်းကျောင်း ၆၂ ကျောင်းရှိပါတယ်။ အဲဒီအတွက် လေးယောက်တွဲစာသင်ခုံအနိမ့် တန်ဖိုး စုစုပေါင်း ၁၀၉ ဒသမ ၄၂၉၀ အထိ သတ်မှတ်ထားတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဂုမိကျေးရွာမှာရှိတဲ့ ဒါးပိုင်ရော်ဘာခြံကယ်ဆယ်ရေးစခန်းမှာလည်း လိုအပ်တဲ့ကျောင်းသုံးပရိဘောဂတွေအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စာသင်ခုံတွေ၊ ပလတ်စတစ်ထိုင်ခုံတွေ၊ သင်ပုန်းကြီးတွေအတွက်လည်း ၂ ဒသမ ၈၄ သန်းကို ရည်ရွယ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိဆောင်ရွက်ပေးထားတဲ့အစီအစဉ်ဖြစ်ပါတယ်။

**ဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆက်လက်ဆောင်ရွက်မယ့် အခြေအနေတွေကို သိပါရစေ။**

**ဖြေ။** ။ ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ဖို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်တွေ၊ ဌာနဆိုင်ရာတွေ၊ ပြည်သူလူထု၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဘက်စုံပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် (Comprehensive Health Plan)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ လူဦးရေ ၃ ဒသမ ၃ သန်းကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ ခုတင်(၅၀၀) ဆံ့ဆေးရုံ တစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ဆေးရုံ ငါးရုံ၊ ခုတင် (၅၀) နှင့်အောက် ဆေးရုံ ၅၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်ရေးနဲ့ ပြည်သူလူထုက ကျန်းမာရေးဌာနတွေ ပိုမိုအသုံးပြုစေရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှာ ကျန်းမာရေးအဆောက်အအုံတွေ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်း ငွေလုံးငွေရင်း ရန်ပုံငွေကို နှစ်စဉ်တိုးမြှင့်ချထားပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းသစ် စုစုပေါင်း ၄၄ ခုအတွက် ခွင့်ပြုရန်ပုံငွေ ၃၆၇၆ ဒသမ ၇၅ သန်းကို ပြည်ထောင်စုအစိုးရရန်ပုံငွေမှ ခွဲဝေချထားပေးခဲ့ပြီးဖြစ်ပါတယ်။

စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကို ခုတင်(၂၀၀) မှ ခုတင်(၅၀၀)သို့ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ စစ်တွေမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရေးလုပ်ငန်းမှာ အိန္ဒိယနိုင်ငံအစိုးရက ဆေးရုံးသုံးပစ္စည်းတွေ ဖြည့်ဆည်းခြင်းဆောင်ရွက်ပြီး 64 Slide CT Scan and Oxygen plant တပ်ဆင်ပေးခဲ့ပြီး လက်ရှိသုံးစွဲလျက်ရှိပါတယ်။ ဒါ့အပြင် နော်ဝေနိုင်ငံ အစိုးရအကူအညီနဲ့ ခုတင် (၁၀၀) ဆံ့တိုးချဲ့လူနာဆောင် ဆောက်လုပ်ရန် သဘောတူညီထားပြီး ကုသရေးဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆေးဝါးဝယ်ယူဖို့ ငွေကျပ် သိန်းပေါင်း ၄၀၀၀ နဲ့ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းတွေဝယ်ယူဖို့ ငွေကျပ် သိန်းပေါင်း ၇၅၀ ကို ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း ခရိုင်/မြို့နယ် တိုက်နယ်ဆေးရုံတွေအတွက် ဆေးဝါးဝယ်ယူဖို့ ငွေကျပ် သိန်းပေါင်း ၁၅၇၅၀ နဲ့ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းတွေ ဝယ်ယူရန် ငွေကျပ်သိန်းပေါင်း ၂၃၇၅ ကို ထောက်ပံ့ထားရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆေးဝါးဝယ်ယူဖို့ ပထမအရစ် အဖြစ် ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကို ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့နဲ့ ခရိုင်/မြို့နယ်နဲ့ တိုက်နယ်ဆေးရုံတွေအတွက် ကျပ်သိန်း ၄၅၀၀ ကို ထောက်ပံ့ထားရှိပြီး လိုအပ်ချက်အပေါ် ထပ်မံဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရွှေ့လျားဆေးအဖွဲ့ ၃၃ ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း ၁၄၆ ဦးနဲ့ လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့လျားဆေးအဖွဲ့များနဲ့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွေဟာ အရေးပေါ် ဆေးဝါးကုသမှုလုပ်ငန်းတွေ၊ လူနာလွှဲပြောင်းမှုလုပ်ငန်းတွေ ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကျေးလက်ကျန်းမာရေးဌာနတွေမှာ လူထုအခြေပြု ကျန်းမာရေး ဆေးပေးခန်း (Community Clinic)တွေ နေ့စဉ်ဖွင့်လှစ်ပြီး သက်ကြီးရွယ်အိုတွေ၊ မိခင်နဲ့ အသက် ငါးနှစ်အောက်ကလေးတွေ၊ ဆယ်ကျော်သက်တွေအပါအဝင် အသက်အုပ်စု အားလုံးကိုလွှမ်းခြုံနိုင်တဲ့ ဆေးကုသမှုလုပ်ငန်းတွေ၊ မကူးစက်နိုင်တဲ့ရောဂါတွေဖြစ်တဲ့ သွေးတိုးနဲ့ ဆီးချိုရောဂါရှာဖွေရေးနှင့်ကုသရေးလုပ်ငန်းတွေ၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အသွင်ပြောင်းပိုလီယိုပိုးရပ်ပိုး တွေ့ရှိမှုနဲ့ပတ်သက်ပြီး အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုဆေးတိုက်ခြင်းနဲ့ ဒေသအလိုက် ပိုလီယိုဆေးတိုက်ကျွေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာမှာ လွှမ်းခြုံမှု ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အသက် တစ်နှစ်အောက်ကလေးတွေမှာ ပြင်းထန်အဆုတ်ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုလျော့ကျရေးအတွက် (Pneumococcal Vaccine-PCV) ကာကွယ်ဆေးတွေကို ဇူလိုင် ၁ ရက်ကစတင်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးမှာ ထည့်သွင်း ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၄၈ ရွာ လူဦးရေ ၄၃၈၆၉ ဦးကို ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေး (JE Vaccine)ထိုးနှံပေးခဲ့ပါတယ်။ ဆက်လက်ပြီး ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုလျက်ရှိတဲ့အပြင် ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ရခိုင်ပြည်နယ်မှာ ဂျပန်ဦးနှောက်အမြှေးရောင်ကာကွယ်ဆေး ထပ်မံထိုးနှံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် စာရင်းအရ ဖွံ့ဖြိုးတိုးတက်မှု ဒုတိယအနည်းဆုံးဒေသဖြစ်သည့် ရခိုင်ဒေသသည် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသများနည်းတူ အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူများ အားလုံး မျှဝေခံစားနိုင်တော့မည်ဟု ယုံကြည်မျှော်လင့်လျက် --။



နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြေပုံမြို့နယ် ကံသာထွက်ဝကျေးရွာတွင် ယန္တရားများဖြင့် ရေကန်တူးဖော်နေစဉ်။



တောင်ကုတ်မြို့နယ် မအီ-ချက်ဖောက် သံကူကွန်ကရစ်တံတား ပေ ၉၀ ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၄/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်)**
**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် "ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၄) စစ်ဦးစီးအရာရှိချုပ်(ကြည်း) ကာကွယ်ရေးဦးစီးချုပ်ရုံး — အဖွဲ့ဝင်
(၅) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၆) ပြည်နယ်ဥပဒေချုပ် ပြည်နယ်ဥပဒေချုပ်ရုံး ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(၇) ဒုတိယတိုင်းမှူး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်
(၈) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၉) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၀) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၁) ဌာနချုပ်မှူး ဧည့်ဝတီရေတပ်စခန်းဌာနချုပ် — အဖွဲ့ဝင်
(၁၂) ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — အတွင်းရေးမှူး
(၁၃) ပြည်နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရခိုင်ပြည်နယ် — တွဲဖက်အတွင်းရေးမှူး

(ခ) **လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၃) စည်ပင်သာယာရေးဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၄) ပြည်နယ်ဥပဒေချုပ် ပြည်နယ်ဥပဒေချုပ်ရုံး ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(၅) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၆) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန — အဖွဲ့ဝင်
(၇) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များနှင့်စီးပွားရေးဦးစီးဌာန — အဖွဲ့ဝင်
(၉) ညွှန်ကြားရေးမှူးချုပ် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၀) ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၁) ညွှန်ကြားရေးမှူးချုပ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်
(၁၂) ကွပ်ကဲရေးမှူး အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ — အဖွဲ့ဝင်
(၁၃) ပြည်နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ရခိုင်ပြည်နယ် — အဖွဲ့ဝင်
(၁၄) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အတွင်းရေးမှူး

(ဂ) **ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ဝန်ကြီးချုပ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — ဒုတိယဥက္ကဋ္ဌ
(၃) ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၄) လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၅) စည်ပင်သာယာရေးဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၆) အမြဲတမ်းအတွင်းဝန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်
(၇) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၉) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၀) အမြဲတမ်းအတွင်းဝန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၁) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၂) အမြဲတမ်းအတွင်းဝန် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၃) ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန — အဖွဲ့ဝင်
(၁၄) ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန — အဖွဲ့ဝင်
(၁၅) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အတွင်းရေးမှူး
(၁၆) ပြည်နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရခိုင်ပြည်နယ် — တွဲဖက်အတွင်းရေးမှူး

(ဃ) **ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၄) ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်
(၅) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၆) ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(၇) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၈) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန — အဖွဲ့ဝင်
(၉) အမြဲတမ်းအတွင်းဝန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(၁၀) ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား — အဖွဲ့ဝင်
(၁၁) ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန — အဖွဲ့ဝင်
(၁၂) ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၃) ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၄) ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန — အတွင်းရေးမှူး
(၁၅) အမြဲတမ်းအတွင်းဝန် နယ်စပ်ရေးရာဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒိုက်ဦးမြို့နယ်၌ ဆယ်အိမ်စုမှူးသင်တန်းဖွင့်

**ဒိုက်ဦး မေ ၃၁**

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆယ်အိမ်စုမှူးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီလွင်က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာစောမြထွန်းက သင်တန်းနှင့်ပတ်သက်သော လုပ်ငန်းရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကုသရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်ခန်းစာများပို့ချပေးခဲ့ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်**(IPRD)

## သတိပေးနှိုးဆော်ချက်

ပန်းဘဲတန်းမြို့နယ်နှင့် လသာမြို့နယ်အကြား ရွှေတိဂုံဘုရားလမ်းပေါ် မဟာဗန္ဓုလလမ်းမှ အနော်ရထာလမ်းအထိ တောင်မှမြောက်သို့ တစ်လမ်းမောင်းသတ်မှတ်ထားပါသည်။ အဆိုပါလမ်းပိုင်းအတွင်းသို့ တစ်တန်ခွဲနှင့် အထက်ယာဉ်များ ဝင်ရောက်ခြင်းမပြုကြရန်နှင့် သတ်မှတ်ပေးထားသည့် တစ်လမ်းမောင်းစနစ်အတိုင်း မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြတိုက်(နေပြည်တော်)အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၁**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများနှင့် သမိုင်းကြောင်းဆိုင်ရာပစ္စည်းများကို ခင်းကျင်းပြသရာတွင် အထောက်အထား ခိုင်ခိုင်မာမာဖြင့် ပြသရန်နှင့် ပြတိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော် ဥတ္တရသီရိမြို့နယ် အမျိုးသားပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းက အမျိုးသားပြတိုက်(နေပြည်တော်)သို့ ရောက်ရှိပြီး ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ် (ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်) ပြခန်း၊ သမိုင်းတင်ခေတ်ဦး (ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု) ပြခန်း ၊ သမိုင်းတင်ခေတ် (အေဒီ ၁၁-၁၄ ရာစု) ပြခန်းများကို လှည့်လည်ကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)သည် နေပြည်တော်ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်တွင် တည်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ဖော်ထုတ်ပြသရန်၊ ကြွယ်ဝပြီး အဆင့်အတန်းမြင့်သည့် မိမိတို့လူမျိုး၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာသော ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန်၊ မိမိတို့လူမျိုး၏ Soft power စွမ်းဆောင်ချက်များကို ပြသရန်၊ မိမိနိုင်ငံ၊ လူမျိုး၏ဂုဏ်ဒြပ်နှင့်ညီသော၊ နိုင်ငံတော်အဆင့်နှင့်ညီသော ပြတိုက်ဖြစ်အောင် တည်ဆောက်ရန်နှင့် ခေတ်မီ၊ ဆွဲဆောင်မှုရှိပြီး အဆင့်အတန်းမြင့်မား၍ ထိန်းသိမ်းမှုစနစ်မှန်ကန်သော ပြတိုက်အဖြစ် တည်ဆောက်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်မှစတင်၍ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသလျက်ရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈။)
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉။)
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ထိန်းသိမ်းခံအလုပ်သမား ၃၆ ဦးအား ပြန်လည်လွှတ်ပေး

**ရမည်းသင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးစက်မှုဇုန်ရှိ Myanmar Veneer သစ်အခြေခံစက်ရုံမှ နေပြည်တော်သို့ လမ်းလျှောက်ဆန္ဒပြခဲ့သည့် အလုပ်သမားအဖွဲ့မှ ထိန်းသိမ်းခံခဲ့ရသော အဖွဲ့ဝင် ၅၁ ဦးအနက် ၃၆ ဦးကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရမည်းသင်းဗဟိုအကျဉ်းထောင်မှ လွှတ်ပေးလိုက်ပြီဖြစ်သည်။

စစ်ကိုင်းမြို့မှတစ်ဆင့် နေပြည်တော်သို့ လမ်းလျှောက်ချီတက်ဆန္ဒပြခဲ့ကြရာ မေ ၁၇ ရက် ညနေပိုင်းက တပ်ကုန်းမြို့အဝင်တွင် ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။ ယင်းထိန်းသိမ်းခံအလုပ်သမား ၅၁ ဦးအနက် ကိုအောင်ဖြိုး၊ ကိုနိုင်ဦး၊ ကိုဝင်းကိုကို အပါအဝင် ဆန္ဒပြအလုပ်သမား အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၆ ဦးတို့သည် ရမည်းသင်းမြို့ ဗဟိုအကျဉ်းထောင်မှ ယနေ့ လွှတ်မြောက်လာခဲ့သည်။ ၎င်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပို့ဆောင်ပြီး ထိုမှတစ်ဆင့် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဥတ္တရခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးအောင်ထံမှ သိရသည်။

ဦးစိုးအောင်က "ဒီနေ့ လွှတ်ပေးလိုက်တာကတော့ အမျိုးသား ၂၂ ဦးနဲ့ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၆ ဦးပါ။ ဘာကြောင့် လွှတ်ပေးတာလဲဆိုတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစစ်ဆေးချက်အရ အပြစ်မရှိဘူးလို့ ယူဆတဲ့သူတွေကို လွှတ်ပေးလိုက်တာပါ။ ကျန်တာကတော့ ဒီအလုပ်သမားအဖွဲ့ရဲ့ ခေါင်းဆောင် ကိုခိုင်မင်းအပါအဝင် ၁၅ ဦးကျန်ပါသေးတယ်။ သူတို့ကိုတော့ လိုအပ်တာတွေ ဆက်လက်စစ်ဆေးသွားမယ်လို့ သိရပါတယ်။ အခုလွှတ်လိုက်တဲ့ အလုပ်သမားတွေကို အလုပ်ရှင် ကိုယ်တိုင်ကလည်း ပြောထားတာရှိပါတယ်။ အလုပ်ရှင်က သူတို့ခန့်နိုင်တဲ့အင်အားကို ပြောထားတယ်။ အဲဒါကိုတော့ ခန့်ပေးမယ်။ နောက်ထပ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ကလည်း သူတို့ကို သပ်သပ် ဒီအပြင်နေရာတွေမှာတော့ အလုပ်ရှာပေးမယ်ဆိုပြီး အရင်ကတည်းကလည်း ညှိနှိုင်းထားတာရှိပါတယ်။ သူတို့ဘက်က အဆင်မပြေလို့ပါ။ အခုလွှတ်မြောက်တဲ့ အလုပ်သမားတွေအနေနဲ့ လိုအပ်ချက်တွေထပ်ပြီး တောင်းဆိုသွားမယ်ဆိုရင် ဥပဒေဘောင်အတွင်းကနေပဲ ဖြစ်မယ်ဆိုရင် ပိုကောင်းပါတယ်။ ဒီလို အလုပ်သမားတွေ ပြန်လွှတ်တာက ရက် ၁၀၀ စီမံချက်လားဆိုတော့ ဟုတ်တယ်။ နောက်ထပ်လည်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံရေးအကျဉ်းသားလို့ ယူဆထားတဲ့ သူတွေအကုန်လုံးကို စစ်ဆေးပြီးတော့ လွှတ်ပေးနေတာတွေရှိတယ်။ ရဲတပ်ဖွဲ့နဲ့ အကျဉ်းဦးစီးဌာနနဲ့ပေါင်းပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ဆိုသည်။

ယနေ့လွှတ်မြောက်လာသည့် ထိန်းသိမ်းခံဆန္ဒပြအလုပ်သမားများအဖွဲ့မှ ကိုမင်းမင်းက ၎င်းတို့ ရုံးချိန်းရက်မှာ ဇွန် ၁ ရက်ဖြစ်သော်လည်း တစ်ရက်ကြို၍ လွှတ်မြောက်လာခြင်းဖြစ်ကြောင်း၊ လွှတ်မြောက်ရသည့်အကြောင်းရင်းကိုလည်း ၎င်းတို့ကိုယ်တိုင် မသိရဟု ဆိုသည်။ ကျန်ရှိနေသည့် ၁၅ ယောက်တွင် ဆန္ဒပြအလုပ်သမားခေါင်းဆောင် ကိုခိုင်မင်း အပါအဝင် ကိုသိန်းဦး၊ ကိုဝင်းမင်းဦး၊ စောအန်းထွန်းတို့ပါဝင်ကြောင်း သိရသည်။ ၎င်းတို့အနေဖြင့် အလုပ်သမားများအခွင့်အရေး ရိုးရိုးသားသား တောင်းဆိုခဲ့သည့်အတွက် နောင်တမရကြောင်း၊ ကျန်ရှိနေသည့် အလုပ်သမားခေါင်းဆောင်များ ပြန်လည်လွှတ်မြောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုမင်းမင်းက ပြောသည်။ ဆန္ဒပြအလုပ်သမားအများစုမှာ စစ်ကိုင်းမြို့ဒေသခံများဖြစ်ကြပြီး တပ်ကုန်း၊ စဉ့်ကိုင်၊ ကျောက်ဆည် စသည့် ဒေသများမှ သွားရောက်လုပ်ကိုင်သူများလည်း ပါဝင်သည်။

ထိန်းသိမ်းခံခဲ့ရပြီး ယနေ့လွှတ်မြောက်လာသူများထဲတွင်ပါဝင်သည့် ဆန္ဒပြအလုပ်သမားများအဖွဲ့မှ ကိုနိုင်ဦးကလည်း "ထောင်ထဲမှာ အခက်အခဲကတော့ ထောင်စည်းကမ်းအတိုင်း နေရတာဆိုတော့ မစားချင်လည်းစား စားချင်လည်းစားရတာပေါ့။ အခုလွှတ်လာပြီဆိုတော့ အရင်တောင်းဆိုထားတဲ့ အလုပ်သမားအခွင့်အရေး အပြည့်အဝရဖို့ ဆက်ပြီးတောင်းဆိုသွားပါမယ်။ နောက်ပြီး ကျန်နေတဲ့ အလုပ်သမားခေါင်းဆောင်တွေ လွှတ်မြောက်ဖို့အတွက် ဆက်ပြီးဆောင်ရွက်သွားမှာပါ။ အဖိနှိပ်ခံ အလုပ်သမားတွေအတွက် အခွင့်အရေးတွေ ပြန်ရဖို့အတွက်ဆိုရင် ရှေ့ကနေ နောင်တမရဘဲ ဆက်လက်ဆောင်ရွက်သွားပါမယ်"ဟု ပြောပြသည်။

ယင်းဆန္ဒပြအလုပ်သမားများသည် တစ်ရက်လုပ်ခကျပ် ၃၆၀၀ သာရရှိသည့်အတွက် ကျွမ်းကျင်ကြေး၊ လုပ်သက်ခံစားခွင့်၊ ရက်မှန်ကြေး၊ စားစရိတ်၊ နေစရိတ်နှင့် ခရီးစရိတ်များပါရရှိရေးတောင်းဆိုခဲ့ကြရာ ဖေဖော်ဝါရီလအတွင်းက အဆိုပါစက်ရုံမှ အလုပ်ထုတ်ခံခဲ့ရသဖြင့် လမ်းလျှောက်ဆန္ဒပြခဲ့ကြရာ ထိန်းသိမ်းခံခဲ့ရပြီး ယနေ့တွင် ၃၆ ဦး လွှတ်မြောက်ခဲ့ခြင်းဖြစ်သည်။



ရမည်းသင်း ဗဟိုအကျဉ်းထောင်မှ လွှတ်မြောက်လာသည့် ဆန္ဒပြအလုပ်သမားများကိုတွေ့ရစဉ်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-လှိုင်သန်းတင့်(ရမည်းသင်း)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အခြေခံအဆောက်အအုံစိန်ခေါ်မှု ဘယ်လိုကျော်လွှားမလဲ

**ခိုင်ဝင်း**

မြန်မာနိုင်ငံမှာ အခြေခံအဆောက်အအုံ လိုအပ်ချက်သည် ကြီးမားလွန်းလှသည်။ Mckinsey Global Institute ၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် အမေရိကန်ဒေါ်လာဘီလီယံ ၃၂၀ လိုအပ်သည်ဟု ယင်း၏မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဘီလီယံ ၃၂၀ ရင်းနှီးမြှုပ်နှံမှုတွင် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများလည်းပါဝင်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)၏၂၀၁၆ ခုနှစ် အာရှနိုင်ငံများ၏စီးပွားရေးအလားအလာသုံးသပ်ချက်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍကို အဆင့်မြှင့်တင်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ခန့်ကို ၂၀၁၆-၂၀၃၀ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံသွားရန်လိုအပ်သည်ဟု ရေးသားထားသည်။

နှစ်စဉ်ဂျီဒီပီ၏ ၃-၄ ရာခိုင်နှုန်း ပို့ဆောင်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ ပြီးခဲ့သည့်နှစ်များအတွင်းက ပို့ဆောင်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည် ဂျီဒီပီ၏ တစ်ရာခိုင်နှုန်းကျော်သာရှိသည်ဟုလည်း အဆိုပါ အစီရင်ခံစာတွင်ဖော်ပြထားသည်။ ထိုကဲ့သို့ ပို့ဆောင်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် သယ်ယူပို့ဆောင်ရေးစရိတ် သုံးပုံတစ်ပုံခန့် သက်သာသွားမည်ဟုဆိုထားသည်။ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လိုသည်ကိုလည်းအထူးပြောစရာမလို။ ရေဖြန့်ဖြူးရေး၊ လျှပ်စစ်၊ လမ်းတံတား၊ ရထားလမ်း၊ ကျေးလက်လမ်း၊ လေဆိပ်၊ တယ်လီဖုန်း၊ အင်တာနက်အစရှိသည့် အခြေခံအဆောက်အအုံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ခုတည်းအတွက်သာ လိုအပ်သည်မဟုတ်ဘဲ လူမှုရေးတရားမျှတမှုအတွက်လည်းလိုအပ်သည်။ နိုင်ငံသားတိုင်း၏အခြေခံလိုအပ်ချက်များတွင် အခြေခံအဆောက်အအုံများလည်း ပါဝင်သည်ဟုဆိုနိုင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းနှင့်အတူ အခြေခံအဆောက်အအုံ လိုအပ်ချက်များကလည်း ပိုမိုများပြားလာမည်ဖြစ်သည်။ ဥပမာ လျှပ်စစ်သုံးစွဲမှုသည် သေချာပေါက် တိုးတက်များပြားလာမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အားလုံးမျှဝေခံစားနိုင်သည့် ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်အရာဖြစ်သည်။

**အခြေခံအဆောက်အအုံလိုအပ်ချက်ကို မည်သို့ဖြေရှင်းမည်နည်း**

လက်ရှိမြန်မာနိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာဘီလီယံ ၅၀ ကျော်သာရှိပြီး နိုင်ငံတော်ဘတ်ဂျက်တွင်လည်း လိုငွေပြမှုရှိနေသဖြင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံနိုင်မှုစွမ်းရည်သည် နည်းနေသည်ဟုဆိုနိုင်သည်။ ထိုအခါ မည်ကဲ့သို့အခြေခံအဆောက်အအုံစိန်ခေါ်မှုကို ကျော်လွှားမည်နည်း။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အခြေခံအဆောက်အအုံလိုအပ်ချက်ကိုဖြေရှင်းရန် ၁၉၈၀ ခုနှစ်များနှောင်းပိုင်းမှစ၍ ပုဂ္ဂလိကကိုအားကိုးလာသည်ကိုတွေ့ရသည်။ အဝေးပြေးလမ်းများ၊ ရထားပို့ဆောင်ရေး၊ ရေနှင့်မိလ္လာ၊ လျှပ်စစ်၊ အမှိုက်များ ဖျက်ဆီးစွန့်ပစ်ခြင်းနှင့် တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကိုဆောင်ရွက်ခွင့်ပေးလာခဲ့သည်။ အဆိုပါ အခြေခံအဆောက်အအုံများကို public utilities ဟုလည်း ခေါ်ကြသည်။ အများပြည်သူလိုအပ်သည့် ဝန်ဆောင်မှုများကိုဖြည့်ဆည်းပေးသည့်လုပ်ငန်းများဖြစ်သည်။ ထိုကဲ့သို့ တစ်ချိန်က အစိုးရတစ်ဦးတည်းကသာ ဆောင်ရွက်ခဲ့သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကအားလုပ်ခွင့်ပေးခြင်းကိုအစိုးရဗျူရိုကရေစီယန္တရား ပြုပြင်ပြောင်းလဲခြင်း၌ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း (privatization) ခေါင်းစဉ်အောက်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။ ပီပီပီ (public-private partnership) ဟုလည်း သုံးနှုန်းကြသည်။ အများပြည်သူ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်ကို နိုင်ငံတော်နှင့်ပုဂ္ဂလိကပူးပေါင်း၍ ဖြည့်ဆည်းခြင်းဖြစ်သည်။

**ပုဂ္ဂလိကပိုင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ**

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၊ public utilities များကဲ့သို့ အများပြည်သူအတွက် ဝန်ဆောင်မှုများပေးအပ်နေသည့် လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၏ ပထမရည်ရွယ်ချက်မှာ ဘဏ္ဍာရေးနှင့် သက်ဆိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများသည် အခွန်မှရရှိသည့်ဝင်ငွေကနည်း၍ ကမ္ဘာ့ဘဏ်ကဲ့သို့ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီပေးအပ်နေသည့် ဘဏ်များမှချေးယူထားသည့် ချေးငွေများကလည်း များနေပြီဖြစ်သဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို အားကိုးလာရခြင်းဖြစ်သည်။ ပုဂ္ဂလိကကို လျှပ်စစ်၊ လမ်း၊ ဆက်သွယ်ရေးကဲ့သို့ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံများတွင် ဆိုးရွားစွာလိုအပ်နေသည့် အခြေခံအဆောက်အအုံကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုကို ပုဂ္ဂလိကငွေကြေးဈေးကွက်မှရရှိရန်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် လက်ရှိလည်ပတ်နေသည့်စက်ရုံများကို ကုန်ထုတ်စွမ်းအားတိုးတက်လာရန် စက်အသစ်တပ်ဆင်ခြင်းမျိုးနှင့် တိုးတက်လာသည့်သုံးစွဲမှုကို ဖြည့်ဆည်းရန်အတွက် စက်ရုံအသစ်များ တည်ဆောက်ခြင်းနှစ်မျိုးစလုံးဖြင့် သက်ဆိုင်သည်။ ဥပမာ-မြန်မာနိုင်ငံတွင် လက်ရှိရေအားလျှပ်စစ်ထုတ်လုပ်သည့် စက်ရုံများ၊ သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံများမှ တာဘိုင်များအသစ်လဲလှယ်ရန်ပြင်ဆင်ရန်လိုအပ်နေသည်။ ထိုသို့အသစ်လဲလှယ်ပြင်ဆင်ခြင်းအတွက် ကုန်ကျစရိတ်ကိုကျခံမည့် ရင်းနှီးမြှုပ်နှံမည့်သူလိုအပ်သည်။ ထို့အတူ လျှပ်စစ်တိုးမြှင့်ထုတ်လုပ်ရန် ရေအားလျှပ်စစ်စီမံကိန်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံအသစ်များအတွက်လည်း ရင်းနှီးမြှုပ်နှံမှုများလိုအပ်လျက်ရှိသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၏ ဒုတိယရည်ရွယ်ချက်မှာ efficiency ဖြစ်သည်။ ပုဂ္ဂလိကသည် အကျိုးအမြတ်ကို အဓိကထားသဖြင့် ကုန်ကျစရိတ်သက်သာမည့် နည်းလမ်းများကိုရှာဖွေမည်ဖြစ်ပြီးရေရှည်၌ သုံးစွဲသူများသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးမြင့်သည့် ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဟု ယုံကြည်ထားသောကြောင့်ဖြစ်သည်။ အမြတ်အစွန်းပိုမိုရရှိရန် နည်းပညာအသစ်များကိုလည်းတီထွင်ဖန်တီးလိမ့်မည်ဟုယူဆသည်။

**အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ (public utilities) ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း နိုင်ငံတကာအတွေ့အကြုံ**

ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ Jose A. Gomez Ibanez ရေးသားသည့် "Regulation & The Future of Private Utilities" စာတမ်းတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် ၁၉၉၀ ခုနှစ်များအတွင်း၌ များစွာအောင်မြင်ခဲ့သည်ဟု ရေးသားထားသည်။ ၁၉၈၀ ခုနှစ်များအတွင်းက ပြောပလောက်အောင်မရှိခဲ့သော်လည်း ၁၉၉၇-၉၈ ခုနှစ်များတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ခန့်ရှိလာသည်ဟုဆိုသည်။ ၁၉၉၀ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၌ ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုသည် အံ့သြဖွယ်ရာအမေရိကန်ဒေါ်လာ ဘီလီယံ ၇၅၀ ထိရှိခဲ့သည်ဟုဆိုသည်။ ဒေသအရကြည့်လျှင် လက်တင်အမေရိကတိုက်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး အရှေ့အာရှနှင့်ပစိဖိတ်က ဒုတိယ၊ ဥရောပနှင့် အလယ်ပိုင်းအာရှက တတိယဖြစ်သည်။ အနည်းဆုံးဒေသများမှာတော့ တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက် ဆာဟာရဒေသငယ်တို့ဖြစ်သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်သည်ဆိုသော်လည်း နိုင်ငံတော်ပိုင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို ပုဂ္ဂလိကသို့ အပြီးရောင်းချသည့် နည်းလမ်းတစ်ခုတည်းရှိသည်တော့မဟုတ်။ ပုဂ္ဂလိကပိုင်ပြုလုပ်သည့် နည်းလမ်းများကို သုံးမျိုးသုံးစားခွဲခြားသတ်မှတ်ထားသည်။

(၁) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ (သို့) အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကသို့ အပြီးရောင်းချခြင်း (ဥပမာ နိုင်ငံတော်ပိုင်လျှပ်စစ်ကုမ္ပဏီ (သို့) တယ်လီဖုန်းကုမ္ပဏီကိုရောင်းချခြင်း)။

(၂) သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံအသစ်များ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန်ဆည်များ တည်ဆောက်သည့်စီမံကိန်းအသစ်များအတွက် နိုင်ငံခြားကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံသူကို နှစ်ရှည်စာချုပ်ဖြင့် တည်ဆောက်လုပ်ကိုင်ခွင့်ပေးပြီးစာချုပ်သက်တမ်းပြည့်လျှင် နိုင်ငံတော်သို့ လွှဲပြောင်းစေသည်။ ဘီအိုတီ (Build-Operate-Transfer)ဟုလည်း ခေါ်သည်။

(၃) လက်ရှိနိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ (သို့) အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကိုနှစ်ရှည်စာချုပ်ဖြင့် ငှားရမ်း၍ ပိုမိုကောင်းမွန်အောင်ပြုလုပ်၍ စီမံခန့်ခွဲစေခြင်း။ ဥပမာ နိုင်ငံတော်မှ တည်ဆောက်ထားသည့် အဝေးပြေးလမ်းများ၊ ဆိပ်ကမ်းများကို ပုဂ္ဂလိကမှ ပြင်ဆင်ခြင်း (သို့) လိုအပ်သည့် စက်ကိရိယာအသစ်များ ထပ်မံဝယ်ယူခြင်းပြုလုပ်၍ စီမံခန့်ခွဲခြင်း။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနည်းလမ်း(၂)နှင့် (၃)ကို concession ဟုလည်းခေါ်သည်။ နှစ်ရှည်စာချုပ်များဖြင့် ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုခြင်းဖြစ်သည်။ စာချုပ်ပါအချက်များကို ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီနှင့် အစိုးရနှစ်ဦးစလုံးမှ လိုက်နာရန်လိုအပ်သည်။

ထိုနည်းလမ်းသုံးသွယ်အပြင် ပိုင်ဆိုင်မှုကို နိုင်ငံတော်မှ ဆက်လက်ချုပ်ကိုင်ထားသော်လည်း ဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကကဲ့သို့ စီမံခန့်ခွဲခြင်း(corporatization) လည်းရှိသည်။ ဥပမာ မြန်မာ့အမျိုးသားလေကြောင်း (Myanmar National Airline)သည် အစိုးရပိုင်ဖြစ်သော်လည်း စီမံခန့်ခွဲမှုနှင့် လစာနှုန်းထားများသည် ပုဂ္ဂလိကလေကြောင်းလိုင်းများကဲ့သို့ပင်ဖြစ်သည်။

ထိုကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများသည် ၁၉၈၀ နှောင်းပိုင်းမှစ၍ အထူးသဖြင့် ၁၉၉၀ ခုနှစ်များအတွင်း နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သည့် သတ္တုတွင်းကုမ္ပဏီများ၊ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးသည့်ကုမ္ပဏီများ၊ ရေဖြန့်ဖြူးခြင်းနှင့်သန့်ရှင်းရေးလုပ်ငန်းများ၊ တယ်လီဖုန်းကုမ္ပဏီများ၊ ရထားပို့ဆောင်ရေး၊ ဓာတ်ငွေ့ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ဂိတ်ကြေးကောက်ခံသည့် အဝေးပြေးလမ်းများ အစရှိသည်တို့ကို အထက်ဖော်ပြပါ နည်းလမ်းသုံးသွယ်ကိုအသုံးပြု၍ ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ကြသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများကို အပြီးရောင်းချခြင်းသည် အများဆုံးအသုံးပြုသည့်နည်းလမ်းဖြစ်ပြီး နှစ်ရှည်စာချုပ်ဖြင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းအသစ်များကို တည်ဆောက်လုပ်ကိုင်လွှဲပြောင်းခြင်းသည် ဒုတိယလိုက်သည်။ လက်ရှိနိုင်ငံတော်ပိုင် ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကမှ နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်း၍စီမံခန့်ခွဲလုပ်ကိုင်ခြင်းသည် တတိယနေရာ၌ရှိသည်။

သို့သော် ထိုသို့ပုဂ္ဂလိပိုင်ပြုလုပ်ခြင်းသည် နေရာတိုင်းတွင်တော့ အဆင်ပြေချောမွေ့သည်တော့မဟုတ်။ ဥပမာ ဂျပန်ကုမ္ပဏီ Kumagai Kumi ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ခဲ့သည့် ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ အမြန်လမ်းကို ၁၉၉၃ ခုနှစ်တွင် တည်ဆောက်ပြီးချိန်၌ စာချုပ်ပါအချက်များအား လိုက်နာမှုအပေါ် ဂျပန်ကုမ္ပဏီနှင့်ထိုင်းပို့ဆောင်ရေးအာဏာပိုင်များအကြား အငြင်းပွားရာမှ Kumagai Kumi အား ထိုင်းကုမ္ပဏီကို အမြန်လမ်း၏အစုရှယ်ယာများကိုရောင်းချစေခဲ့ခြင်း၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်နိုင်ငံအခြေစိုက် အမ်ရွန်ကုမ္ပဏီ၏နှစ်ရှည်ဘီအိုတီစနစ်ဖြင့် ရင်းနှီးမြှုပ်နှံသည့် ဒါလ်ဟိုးလ်ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်း ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ဆဲဖျက်သိမ်းခံရခြင်း၊ ၁၉၉၆ ခုနှစ်၌ အာဂျင်တီနားနိုင်ငံ တူကူမင်ဒေသတွင် နှစ်ရှည်စာချုပ်ဖြင့်လုပ်ကိုင်နေသည့် ပုဂ္ဂလိကရေဖြန့်ဖြူးရေးလုပ်ငန်းကို ပြည်သူပိုင်သိမ်းခြင်းနှင့် ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးနောက်ပိုင်း အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများတွင် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချသူများနှင့်အစိုးရတို့အကြားချုပ်ဆိုထားသည့် စာချုပ်များပါအချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုများ၊ ပဋိပက္ခများရှိခဲ့ကြသည်။ ယေဘုယျပြောရလျှင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်အစိုးရတို့ကြား ချုပ်ဆိုထားသည့်စာချုပ်အများစုကို ပြန်လည်ညှိနှိုင်း၍ ပြင်ဆင်ချုပ်ဆိုခဲ့ရသည်။ စီမံကိန်းလုံးဝဖျက်သိမ်းခံရခြင်းမှာတော့ ရာခိုင်နှုန်းအနည်းငယ်သာရှိသည်။

အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအား ဝင်ရောက်လုပ်ကိုင်ခွင့်ပြုရာမှ ပေါ်ပေါက်လာသည့် ပြဿနာများ၊ အငြင်းပွားမှုများမှာ နည်းပညာအားနည်းချက်ထက် နိုင်ငံရေးဖြင့် ပိုမိုသက်ဆိုင်သည်ဟု ပညာရှင်များက ထောက်ပြကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများသည် ဝင်ငွေနည်းသူကအများစုဖြစ်ပြီး ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များကိုနိုင်ငံတော်မှ အရှုံးခံ၍ဖြန့်ဖြူးပေးခဲ့ခြင်းကြောင့် ရေ၊ လျှပ်စစ်၊ တယ်လီဖုန်းဆက်သွယ်ရေးအစရှိသည့် ဝန်ဆောင်မှုများ၏ ကောက်ခံသည့်နှုန်းထားများသည် မပြောပလောက်အောင်သက်သာခဲ့ကြသည်။ ပုဂ္ဂလိကသည် အမြတ်အစွန်းကို အဓိကထားသဖြင့် ကောက်ခံသည့်နှုန်းထားများကို ယင်းတို့ဖြန့်ဖြူးသည့်အခါ တိုးမြှင့်လေ့ရှိပြီး အရှုံးခံပြီးလည်း ဆင်းရဲသားရပ်ကွက်များကို ဖြန့်ဖြူးမပေးနိုင်ချေ။ ထို့အပြင် နှစ်ရှည်စာချုပ်များ ချုပ်ဆိုလုပ်ကိုင်ရခြင်းဖြစ်သဖြင့်လည်း အချို့သောကိစ္စရပ်များကို ကြိုတင်မခန့်မှန်းနိုင်ချေ။ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အချက်အားလုံးကို စာချုပ်ထဲတွင် ထည့်သွင်းချုပ်ဆိုထားရန်လည်းမလွယ်ကူချေ။ အများစုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သောကြောင့် ငွေကြေးလဲလှယ်မှုနှုန်းမတည်မငြိမ်ဖြစ်လျှင် ဝန်ဆောင်မှုနှုန်းထားကိုမြှင့်တင်ရမလိုဖြစ်သည်။ ထိုအခါ ပြည်သူများကလည်း ဝိုင်းဝန်းကန့်ကွက်ကြမည်ဖြစ်သည်။

ထိုကြောင့် လက်ရှိမြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံလိုအပ်ချက်ပြဿနာကို ပုဂ္ဂလိကဖြင့် ပူးပေါင်းဖြေရှင်းရာတွင် စနစ်တကျ စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူများဖြင့် ညှိနှိုင်းတိုင်ပင်ခြင်းသည် အဓိကကျသည့် အချက်များဖြစ်သည်။ မြစ်ဆုံစီမံကိန်းကဲ့သို့ တရုတ်ကုမ္ပဏီဖြင့် ဘီအိုတီနှစ်ရှည်စာချုပ်ချုပ်ဆိုထားသော မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း ပဋိပက္ခများဖြစ်ပွားနေရာဒေသများရှိ ရေအားလျှပ်စစ်စီမံကိန်းများကို ပြန်လည်သုံးသပ်ရန်လိုအပ်သည်။ တစ်ဖက်ကလည်း အစိုးရတစ်ဦးတည်းက ဖြေရှင်းရန်မဖြစ်နိုင်သဖြင့် ပုဂ္ဂလိက၏ပါဝင်မှုလိုအပ်သော်လည်း အခြေခံအဆောက်အအုံဆိုသည်မှာ အများပြည်သူ၏ အခြေခံလိုအပ်ချက်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ ဒေသခံများ၏ လူမှုစီးပွားဘဝထိခိုက်နစ်နာမှုများသည်လည်း လျှပ်စစ်ကဲ့သို့ ကြီးမားသည့် အခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရှိနိုင်သဖြင့် စနစ်တကျ စည်းမျဉ်းစည်းကမ်းချမှတ်လုပ်ဆောင်ရမည်။ ဝန်ဆောင်မှုနှုန်းထားသတ်မှတ်ရာတွင်လည်း ပုဂ္ဂလိကနှင့် ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးစီးပွားမျှတရန် လိုအပ်သည်။ အခြေခံအဆောက်အအုံများနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က ကောင်းမွန်သည့် မူဝါဒများချမှတ်သွားရမည်ဖြစ်သည်။ ။




# လစ်ဘရယ်ပါတီသမ္မတလောင်း အဆိုပြုတင်သွင်း

**ဝါရှင်တန် မေ ၃၁**

အမေရိကန်ပြည်ထောင်စုမှ လစ်ဘရယ်ပါတီက နယူးမက္ကဆီကိုပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ဂရေးဂျွန်ဆင်ကို ပါတီသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းလိုက်ပြီဖြစ်သည်။

ဂျွန်ဆင်သည် ဖလော်ရီဒါပြည်နယ်၌ တနင်္ဂနွေနေ့က ကျင်းပသည့် ပါတီညီလာခံတွင် ပါတီသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရခြင်းဖြစ်သည်။

လစ်ဘရယ်ပါတီသည် သေးငယ်သည့်အစိုးရဖွဲ့စည်းရေးကို ထောက်ခံအားပေးသည်။ ဂျွန်ဆင်သည် ၂၀၁၂ ခုနှစ်ကလည်း ပါတီသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံခဲ့ရပြီး အထွေထွေရွေးကောက်ပွဲတွင် ထောက်ခံမှုမဲ ၁ ရာခိုင်နှုန်းခန့်သာရရှိခဲ့သည်။

မကြာသေးမီကပြုလုပ်ခဲ့သည့် လူထုစစ်တမ်းအရ ရီပတ်ဘလီကင်သမ္မတလောင်း ဖြစ်လာမည်ဟု မျှော်လင့်ရသည့် ဒေါ်နယ်လ်ထရန့်နှင့် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းပြိုင်ပွဲတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် ဟီလာရီကလင်တန်တို့ကို အမေရိကန်ပြည်သူ ၆၀ ရာခိုင်နှုန်းခန့်က ကြိုက်နှစ်သက်မှုမရှိဟု သိရသည်။

မေ ၁၈ ရက်တွင် ဖောက်စ်နယူးစ် သတင်းဌာနက ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတွင် ဒေါ်နယ်လ်ထရန့်ကို ထောက်ခံသူ ၄၂ ရာခိုင်နှုန်း၊ ကလင်တန်ကို ထောက်ခံသူ ၃၉ ရာခိုင်နှုန်းနှင့် ဂျွန်ဆင်ကို ထောက်ခံသူ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

၎င်းတို့သုံးဦးအနက် ဂျွန်ဆင်သည် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိရန် အခွင့်အရေး အနည်းငယ်သာရှိသည်။ သို့သော် ထရန့်နှင့် ကလင်တန်တို့ကို ဆန့်ကျင်ကန့်ကွက်သူများက မိမိကို ထောက်ခံမဲပေးရန် ဂျွန်ဆင်က မျှော်လင့်နေသည်။ **အင်န်အိတ်ချ်ကေ။**

# အီရတ်တပ်ဖွဲ့များ ဖလူဂျာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းမရှိသေး

**ဖလူဂျာ မေ ၃၁**

အီရတ်တပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွများ အခိုင်အမာခြေကုပ်ယူထားသည့် ဖလူဂျာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ စစ်သွေးကြွများ၏ အပြင်းအထန်ခုခံတိုက်ခိုက်မှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။

အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုအကူအညီများဖြင့် စတင်ချီတက်တိုက်ခိုက်ခဲ့ကြောင်း အီရတ်အစိုးရတပ်ဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။ ဖလူဂျာမြို့သိမ်းတိုက်ပွဲကို အီရတ်အထူးတန်ပြန်အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့များလည်း ပူးပေါင်းပါဝင်၍ အရပ်လေးမျက်နှာမှ ဝိုင်း၍ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

အီရတ်တပ်ဖွဲ့များသည် ဖလူဂျာမြို့အဝင်ပေါက်အနီးတွင် တိုက်ခိုက်နေဆဲဖြစ်သည်ဟု ရှေ့တန်းစစ်မျက်နှာမှ တပ်မှူးတစ်ဦး၏ ပြောကြားချက်ကို ကိုကား၍ နိုင်ငံပိုင်ရုပ်သံသတင်းဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

အိုင်အက်စ်စစ်သွေးကြွများက မြို့အဝင်ပေါက်အနီးအနားအပါအဝင် နေရာအနှံ့အပြားတွင် ဗုံးထောင်ထားမည်ဟု ယူဆရသည့်အတွက် အီရတ်တပ်ဖွဲ့များသည် သတိထားလှုပ်ရှား ဆောင်ရွက်နေရသည်။ ထို့ပြင် အရပ်သားများ ထိခိုက်သေဆုံးနိုင်သည့်အတွက်လည်း စိုးရိမ်နေရသည်။ ဖလူဂျာမြို့ထဲတွင် အရပ်သားထောင်ပေါင်းများစွာ ပိတ်မိနေဆဲဖြစ်မည်ဟု ယူဆရသည်။

စစ်သွေးကြွများသည် အရပ်သားများကို အကာအကွယ်ယူ တိုက်ခိုက်နိုင်သကဲ့သို့ အရပ်သားဟန်ဆောင်ကာ တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ဖွယ်ရှိမှုအတွက်လည်း စိုးရိမ်ရသည်။

**အင်န်အိတ်ချ်ကေ။**



# မြောက်ကိုရီးယားဒုံးကျည်ပစ်ခတ်မှု အောင်မြင်မှုရှိပုံမရ

**ဆိုးလ် မေ ၃၁**

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်တစ်စင်းကိုပစ်ခတ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပစ်ခတ်မှု အောင်မြင်ပုံမရကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက မေ ၃၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မြောက်ကိုရီးယားနိုင်ငံက ယင်း၏အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသမှနေ၍ ဒုံးကျည်ပစ်ခတ်ရန် ကြိုးပမ်းခဲ့ကြောင်း အမည်မဖော်သူ တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားကြသည်။ အသေးစိတ်ကိုမူ ဖော်ပြခြင်းမရှိပေ။

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီလအတွင်း စတုတ္ထမြောက် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ချိန်မှစ၍ အရှေ့မြောက်အာရှဒေသ၌ တင်းမာမှုမြင့်တက်လာခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုအပြီး ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ခဲ့ပြီး ဒုံးကျည်အမျိုးမျိုးကိုလည်း ပစ်ခတ်စမ်းသပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်ပစ်ခတ်ဖွယ်ရှိမှုနှင့် ပတ်သက်၍ ဂျပန်နိုင်ငံတွင် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များကို တပ်လှန့်ထားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားဒုံးကျည်ဖွံ့ဖြိုးရေးလုပ်ငန်းကို စွန့်လွှတ်လိုသည့် လက္ခဏာပြသခြင်း မရှိကြောင်း၊ မိမိတို့အနေဖြင့် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

# အာရပ်ငြိမ်းချမ်းရေးအစီအစဉ်ပြန်လည်ရှင်သန်ရေး ဆွေးနွေးရန်ဆန္ဒရှိဟု အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် မေ ၃၁**

၂၀၀၂ ခုနှစ် အာရပ်ငြိမ်းချမ်းရေးအစီအစဉ် ပြန်လည်ရှင်သန်လာစေရေးအတွက် ဆွေးနွေးရန် မိမိဆန္ဒရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟူက မေ ၃၁ ရက်တွင် ပြောကြားလိုက်သည်။

၂၀၀၂ ခုနှစ် အာရပ်ငြိမ်းချမ်းရေးအစီအစဉ်အရ အာရပ်နိုင်ငံများက အစ္စရေးနိုင်ငံကို သံတမန်ရေးအရ အသိအမှတ်ပြုရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ခွင့်ရရှိရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိရန် အစ္စရေးနိုင်ငံက ဆောင်ရွက်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်စတင်နိုင်စေမည့် ကြိုးပမ်းအားထုတ်မှုများကို အစ္စရေးနိုင်ငံလက်ခံမည်ဆိုပါက ယင်းနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း အာရပ်ငြိမ်းချမ်းရေးအစီအစဉ်အရ အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်းတို့နှင့် အပြုသဘောဆောင်သော ဆွေးနွေးပွဲများ ပြန်လည်ကျင်းပလာနိုင်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားသည်။

အစ္စရေးနိုင်ငံတွင် အမျိုးသားရေးအစွန်းရောက်ဝါဒီတစ်ဦးဖြစ်သူ အဗစ်ဒိုလီဘာမင်းသည် ကာကွယ်ရေးဝန်ကြီးအဖြစ် မေ ၃၀ ရက်က ပါလီမန်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့အပြီး မကြာမတင်မှာပင် နေတန်ယာဟုက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

အစိုးရအဖွဲ့တွင် လက်ယာစွန်းရောက် ကာကွယ်ရေးဝန်ကြီးသစ်ပါဝင်လာခြင်းသည် ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးရရှိရေး ကြိုးပမ်းချက်များ အဆုံးသတ်မည့် လက္ခဏာမဟုတ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။

**ရိုက်တာ။**

# အိန္ဒိယကြည်းတပ်ခဲယမ်းမီးကျောက်သိုလှောင်ရုံ မီးလောင်မှုဖြစ်ပွား၊ တပ်ဖွဲ့ဝင် ၁၇ ဦးထက်မနည်းသေဆုံး၊ ၁၉ ဦးဒဏ်ရာရ

**နယူးဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာရှတြာပြည်နယ်ရှိ ကြည်းတပ်ခဲယမ်းမီးကျောက်သိုလှောင်ရုံတစ်ခုတွင် မေ ၃၁ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းမီးလောင်ကျွမ်းမှုကြောင့် တပ်ဖွဲ့ဝင် ၁၇ ဦးထက်မနည်းသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၁၉ ဦးရှိကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယကြည်းတပ် ခဲယမ်းမီးကျောက်သိုလှောင်ရုံများအနက် အကြီးဆုံးသိုလှောင်ရုံ၌ ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာနေရာမှာ မဟာရာရှတြာပြည်နယ် ပူးလ်ဂဝန်မြို့တွင် ဖြစ်ကြောင်း၊ ယင်းသိုလှောင်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် မီးလောင်မှုလျင်မြန်စွာ ပျံ့နှံ့ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ယခုအချိန်အထိ မီးလောင်ခံရပြီး သေဆုံးသွားသည့်တပ်ဖွဲ့ဝင် ၁၇ ဦး၏ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားကြောင်း၊ ယင်းတို့တွင် အထက်တန်းစစ်ဘက်အရာရှိနှစ်ဦး၏ ရုပ်အလောင်းများလည်းပါဝင်ကြောင်း ရဲတပ်ဖွဲ့အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအနက် အချို့မှာ စိုးရိမ်ရသည့်အခြေအနေရှိသဖြင့် သေဆုံးမှုဦးရေတိုးမြင့်လာဖွယ်ရှိနေသည်။

အဆိုပါခဲယမ်းမီးကျောက်သိုလှောင်ရုံမီးလောင်ကျွမ်းခံရမှုမြင်ကွင်းကို ဒေသဆိုင်ရာရုပ်မြင်သံကြားဌာနများက ထုတ်လွှင့်ပြသခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အစွမ်းကုန်မီးငြိမ်းသတ်ပုံကိုလည်း တွေ့မြင်ရသည်။ ခဲယမ်းမီးကျောက်သိုလှောင်ရုံအနီးတွင် နေထိုင်သူရွာသူရွာသား ၁၀၀၀ နီးပါးကိုလည်း ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။



မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းကို လတ်တလော မသိရသေးသော်လည်း အမြန်ဆုံးစုံစမ်းစစ်ဆေးရန် အမိန့်ပေးထားသည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူကပြောကြားသည်။ **ဆင်ဟွာ။**

# အကယ်ဒမီ ဗိုလ်ဗကို

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)



မြန်မာ့ရုပ်ရှင်လောကသို့ လူတန်းစားအလွှာအသီးသီးမှ ဝင်ရောက်ကြရာမှာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ပညာတတ်တွေ ပါဝင်ကြသလို ပညာဂုဏ်၊ ရာထူးဂုဏ် အရှိန်အဝါကြီးမားစွာဖြင့် ပါဝင်သူတစ်ဦးကိုလည်း တစ်မူထူးခြား၍ စာရေးသူအမှတ်ထားမိသည်။ ထိုသူကား အခြားမဟုတ်။ ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ ဒါရိုက်တာ ဗိုလ်ဗကိုပါ။ အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ မဟာဝိဇ္ဇာ (M.A) ဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်ပြီး တပ်မတော်တွင်လည်း ဗိုလ်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သူ၊ တပ်မတော်မှ အနားယူပြီး ရုပ်ရှင်လောကသို့ ဝင်ရောက်ရာ၌ သရုပ်ဆောင်ရာတွင် ဇာတ်ရုပ်မရွေး၊ ကျရာဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဆောင်လေ့ရှိသည်။

အထက်တန်းကျကျ သရုပ်ဆောင်ရသော ဆရာဝန်၊ တရားသူကြီး၊ ရဲအရာရှိကဲ့သို့သော ဇာတ်ရုပ်များနှင့် အလွန်လိုက်ဖက်၏။ မိဘမေတ္တာကို ဖော်ကျူးရမည့် ဖခင်နေရာ၊ လူကြီးလူကောင်းနေရာများတွင် သရုပ်ဆောင်ပြန်တော့လည်း ကြည်ညိုလေးစားဖွယ်ရာ ကောင်းပြန်သည်။ ဘဝသမား၊ အဖိနှိပ်ခံလူတန်းစား၊ ကျောမွဲလူတန်းစားနှင့် သုဘရာဇာအသွင် သရုပ်ဆောင်ရမလား၊ သဏ္ဍာန်လုပ် သရုပ်တူလှသည်။ တစ်ဖက်လူ၏ လုပ်ရပ်များကို မနှစ်မြို့သော်လည်း အချိန်မကျသေး၍ ပြောခွင့်မသာ၊ အံကြိတ်မြိုသိပ်၍ မချိပြုံး ပြုံးရင်း တစ်ဖက်လူကို ခနဲ့တဲ့တဲ့ ပြန်လည်ပြောဆိုသည့် ဟန်ပန်အမူအရာများ၊ ဆေးတံလေးတမမဖြင့် ပြောဆိုသရုပ်ဆောင်ပုံများကား ယနေ့တိုင်မြင်ယောင်လျက် စာရေးသူမျက်စိထဲက မထွက်။ ဗိုလ်ဗကိုသည် စကားပြောရာတွင် မနှေးမမြန်၊ မှန်မှန်ဖြင့် ပြောလိုသည့် စကားကို တစ်လုံးချင်းပီသအောင် ထိထိမိမိပြောလေ့ရှိသည့်အတွက် စကားပြောကောင်းသူအဖြစ်လည်း ထင်ပေါ်ပြန်သည်။ ဗိုလ်ဗကိုသည် မြန်မာ့ရုပ်ရှင်အတွက် များစွာအကျိုးပြုခဲ့သော၊ ဂုဏ်တင့်စေခဲ့သော၊ အစားထိုးမရနိုင်သော၊ ကိုယ်ပိုင်ဟန်ဖြင့် သရုပ်ဆောင်ကောင်းလှသော ရုပ်ရှင်အနုပညာရှင်ကြီးတစ်ဦးဟု ဆိုက လွန်အံ့မထင်။

### အကယ်ဒမီ ဗိုလ်ဗကို

အမည်ရင်း ဗိုလ်ဗကို၊ အဖ ဦးသန်း၊ အမိ ဒေါ်တင့်တို့က (၁၁. ၁၂. ၁၉၁၉) ရက် ကြာသပတေးနေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယံကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူး(အရှေ့တိုင်းဘာသာဘွဲ့) ရရှိခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းခဲ့ရာ ၁၉၅၁ ခုနှစ်တွင် ဗိုလ်မှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။ ဥပဒေဘွဲ့ ဆက်လက်ရယူပြီးနောက် ၁၉၅၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားခဲ့ရာ မဟာဝိဇ္ဇာ (M.A) ဘွဲ့ရရှိခဲ့ပြန်သည်။ ၁၉၅၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပသော ရုပ်ရှင်ပွဲတော်နှင့် အိန္ဒိယသမ္မတနိုင်ငံ၌ကျင်းပသော ယူနက်စကို သက်ကြီးစာပေတတ်မြောက်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးချုပ်ဦးနု ရေးသားတင်ဆက်သည့် နာမည်ကျော် "လူထုအော်သံ" ပြဇာတ်ကို ၁၉၅၈ ခုနှစ်တွင် ရုပ်ရှင်အဖြစ် အသက်သွင်းရာ ထို "လူထုအော်သံ" ရုပ်ရှင်ဇာတ်ကား၌ ဗိုလ်ဗကိုသည် အဓိကဇာတ်ဆောင်နေရာမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဝန်ကြီးချုပ်ဦးနု၏ တိုက်တွန်းချက်အရ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုဇာတ်ကားကို ရိုက်ကူးသူမှာ ဟောလိဝုဒ်မှ အမေရိကန်ဒါရိုက်တာ George Seitz(Jr)။

ဗိုလ်ဗကိုသည် ထိုဇာတ်ကားတွင် ကွန်မြူနစ်သောင်းကျန်းသူ ရဲဘော်အောင်ဝင်းအဖြစ် သရုပ်ဆောင်ရပြီး ကွန်မြူနစ်သောင်းကျန်းသူ ဗိုလ်တောက်ထိန် (လူကြမ်းလှမောင်လေး) နှင့် အချင်းများပြီး အပြန်အလှန်ပြောဆိုကြသည့်အခန်းတွင် တကယ့်ကွန်မြူနစ်ရဲဘော်တစ်ဦးနှင့်မခြား အသက်ပါလှပြီး စကားပြောအလွန်ကောင်းသူအဖြစ် ထင်ပေါ်ခဲ့သည်။ ထိုမှဆက်၍ ရုပ်ရှင်လောက၌ ခြေချရင်း ဇာတ်ကားပေါင်းများစွာ ဆက်လက်ရိုက်ကူးခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် သိန်းဖေမြင့်၏ဝတ္ထုကို ရုပ်ရှင်အဖြစ် ဒါရိုက်တာသက်လယ်က ရိုက်ကူး၍ မိုးကောင်းရုပ်ရှင်မှ ထုတ်လုပ်သည့် "သီတာပြုံး" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ အကယ်ဒမီထူးချွန်ဆုရရှိခဲ့သည်။ ထိုဇာတ်ကား၌ မင်းသားကောလိပ်ဂျင်နေဝင်း၊ ခင်သန်းနု၊ ဘေဘီနွဲ့တို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ပြီး သုဘရာဇာ ဦးဘချွန်အဖြစ် သရုပ်ဆောင်သွားပုံမှာ ပီပြင်လှသည်။

**ဗိုလ်ဗကိုသည် သရုပ်ဆောင်ရုံသာမက ဒါရိုက်တာအဖြစ်လည်း ဇာတ်ကားများ ရိုက်ကူးခဲ့ရာ "ရွှေဟင်္သာရုပ်ရှင်"မှ ထုတ်လုပ်သည့် ဖက်ဆစ်တော်လှန်ရေးနောက်ခံ "ရွှေတောင်မော်တိုက်ပွဲ" ဇာတ်ကားမှာ အောင်မြင်ကျော်ကြားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ဗိုလ်ဗကိုသည် ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများနှင့် မအားလပ်သည့်ကြားမှပင် ဇာတ်ညွှန်းနှင့် ရုပ်ရှင်ဆောင်းပါးများ၊ အထူးသဖြင့် နိုင်ငံခြားရုပ်ရှင် ဒါရိုက်တာကြီးများ၏ အယူအဆ၊ ရိုက်ကွင်းပေါ် ရှုမြင်သုံးသပ်ချက်၊ ဖလင်တည်းဖြတ်ခြင်း စသည့် ရုပ်ရှင်ပညာပိုင်းဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည့်အပြင် ၁၉၅၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရေးသားထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၂၂ အုပ်ရှိပြန်သည်။**

တစ်ဖန် ၁၉၇၁ ခုနှစ်တွင် စံပြရုပ်ရှင်က ထုတ်လုပ်ပြီး ဒါရိုက်တာ အေဝမ်းမောင်လှမျိုး ရိုက်ကူးသည့် "တစ်ကွေ့ တစ်ကမ္ဘာ" ဇာတ်ကားဖြင့် ဒုတိယအကြိမ် အကောင်းဆုံး အမျိုးသားဇာတ်ပို့ အကယ်ဒမီထူးချွန်ဆုထပ်မံရရှိပြန်သည်။ ထိုဇာတ်ကားတွင် ညွန့်ဝင်း၊ ဝင်းဗိုလ်၊ မြင့်မြင့်ခိုင်တို့နှင့် အတူ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ဗိုလ်ဗကိုသည် ကယားအမျိုးသားကြီးတစ်ဦး အသွင် သရုပ်ဆောင်သွားပုံမှာ သရုပ်တူလှသည်။

ဗိုလ်ဗကိုသည် သရုပ်ဆောင်ရုံသာမက ဒါရိုက်တာအဖြစ်လည်း ဇာတ်ကားများ ရိုက်ကူးခဲ့ရာ "ရွှေဟင်္သာရုပ်ရှင်" မှ ထုတ်လုပ်သည့် ဖက်ဆစ်တော်လှန်ရေးနောက်ခံ "ရွှေတောင်မော်တိုက်ပွဲ" ဇာတ်ကားမှာ အောင်မြင်ကျော်ကြားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ဗိုလ်ဗကိုသည် ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများနှင့် မအားလပ်သည့်ကြားမှပင် ဇာတ်ညွှန်းနှင့် ရုပ်ရှင်ဆောင်းပါးများ၊ အထူးသဖြင့် နိုင်ငံခြားရုပ်ရှင် ဒါရိုက်တာကြီးများ၏ အယူအဆ၊ ရိုက်ကွင်းပေါ် ရှုမြင်သုံးသပ်ချက်၊ ဖလင်တည်းဖြတ်ခြင်း စသည့် ရုပ်ရှင်ပညာပိုင်းဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည့်အပြင် ၁၉၅၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရေးသားထုတ်ဝေခဲ့သော စာအုပ်ပေါင်း ၂၂ အုပ်ရှိပြန်သည်။

အပြောကောင်းသလို စာပေအရေးအသားကောင်းသူတစ်ဦးလည်း ဖြစ်သည်။ ထင်ရှားကျော်ကြားသော ဗိုလ်ဗကိုရေးသားသည့် စာအုပ်များအနက်မှ အချို့ကိုဖော်ပြရလျှင် ယေးလ်တက္ကသိုလ်ခရီးသည်၊ တရုတ်ပြည်သစ်ခရီး၊ ဟဲမင်းဝေးအီး လက်ရွေးစင်ပဒေသာ၊ ဘကြီးရွှန်း၊ လူသုံးအနုမြူ သမ္မတတစ်ဦး၏ အမွေအနှစ်၊ ကုလသမဂ္ဂ၏ ကမ္ဘာ့ညဏ်ဗိမာန်၊ ရုပ်ရှင်မြို့တော် (ဟောလိဝုဒ်ငွေရောင်ပိတ်ကား)၊ မရွှေချော၊ မျိုးရိုးဇာတိနှင့် လူ့သဘာဝ၊ ကဗျာသစ်ဆရာကားလ်ဆင်းဗတ်၊ နေနှင့် လူသား၊ ဒုံးပျံဝိဇ္ဇာနှင့် အာကာသလုပ်ငန်း။

ဗိုလ်ဗကိုသည် စာပေဗိမာန် စာတည်းနှင့် သုတေသနမှူး၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မော်လမြိုင်ကောလိပ်တို့တွင် ပြင်ပစာစစ်မှူး၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဘာသာဗေဒဆရာ စသည်ဖြင့် ပညာရပ်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ခဲ့ဖူးသည့်အပြင် မြန်မာနိုင်ငံရုပ်ရှင်ကောင်စီ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌတာဝန်ကိုလည်း နှစ်ရှည်လများ ထမ်းဆောင်ခဲ့ဖူးသည်။

စစ်ဘက်၊ အရပ်ဘက်တာဝန်များကို ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်မှ ဗိုလ်ဗကိုအား ၁၉၅၀ ခုနှစ်တွင် ဇေယျကျော်ထင်ဘွဲ့နှင့် ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၅၈ ခုနှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ချီးမြှင့်ခဲ့သည်။

လက်တွဲဖော်ဇနီးသည် ဒေါ်ခင်ကြည် (မြန်မာ့အသံ) နှင့် သားသမီးနှစ်ယောက် ထွန်းကားခဲ့ပြီး အနုပညာတာဝန်များကို ထမ်းဆောင်၍ကောင်းနေဆဲဇရာကို လွန်ဆန်၍မရ။ အသက် ၆၆ နှစ်သို့အရောက် (၂၂. ၆. ၁၉၈၅) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့သည်။ အနုပညာလောကကို ဂုဏ်တင့်စေခဲ့သည့် ဘဘ ဗိုလ်ဗကို ကောင်းရာသုဂတိလားပါစေ။

***မှီငြမ်း- နှစ်ဆယ်ရာစု စာဆိုစစ်သည်များစာအုပ်။***

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁- ၆ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(Franchise Business in Myanmar) (အပိုင်း-၂)
- ၈:၃၅ "ပြည်သူ့အတွက် ပထမရက် (၁၀၀)"(အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
- ၉:၃၅ "အာဆီယံဒေသအတွင်းရှိ ကလေးသူငယ်များဆိုင်ရာ (၂၀၁၅) မျှော်မှန်းချက် အတွက် ပန်းချီနဲ့ ဆောင်ပုဒ် ရေးသားခြင်းပြိုင်ပွဲ"
- ၉:၄၅ "သမိုင်းဝင်ကျေးမှုအမွေ အနှစ်များ စုစည်းရာ ဘူမိနက်သန် အမျိုးသား ပြတိုက်" (နေပြည်တော်)
- ၁၀:၃၅ "ရှေ့ဆက်လှမ်းမည့်ခြေလှမ်းများ"
- ၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
- ၁၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၄)
- ၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၃၂)
- ၂:၂၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဦးကြည်မင်းသိန်း)
- ၂:၄၅ ဆယ့်နှစ်လရာသီဘွဲ့များ (ကဆုန်လ)
- ၃:၃၅ မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း (Franchise Business in Myanmar)(အပိုင်း-၂)
- ၄:၁၅ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
- ၄:၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
- ၅:၁၅ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့ (ရဲသွေးနီနှင့်သိန်းစိုး)
- ၅:၃၅ "အသီးသီးသောအပင်များ" (Quiz Me! Science!)
- ၆:၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "လူနှစ်ယောက်နှင့် ဟောစာတမ်း" [(ရဲမွန်၊ ခင်မောင်ချင်း) (ဒါရိုက်တာ-သိမ်းစိုး) (သီဟရတနာ)]
- ၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၃၃)
- ၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈:၃၅ "ပြည်သူ့အတွက်ပထမရက် (၁၀၀)" (ပြန်ကြားရေးဝန်ကြီးဌာန)
- ၉:၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅) -သုခုမရင်ခွင်အငြိမ့်သဘင် "အာရှဟားအငြိမ့်" (မင်းသမီး ယွန်းရွှေစင်၊ လူရွှင်တော် မိုးတိမ်၊ ဆန်းသစ်၊ မိုးထက်၊ ဆန်းစံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆:၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ "ကမ္ဘာမြေအတွက်လက်ဆောင်"
- ၆:၃၀ တေးဂီတအစီအစဉ်
- ၆:၄၀ -ကာတွန်းအစီအစဉ်"The Lion of Judah"(အပိုင်း-၁)
- ၇:၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ"ရွှေရောင်လွှမ်းသော နေ့သစ်ဆီ" (အပိုင်း-၉)
- ၇:၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား" (အပိုင်း-၅၇)
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၅၀ ရှေးဟောင်းပစ္စည်းစုဆောင်းသူ
- ၉:၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၉:၃၀ ကွမ်းတောင်ကိုင်
- ၉:၅၀ တေးဂီတအစီအစဉ်
- ၁၀:၁၀ မြန်မာ့ရိုးရာတူရိယာ"မြန်မာ့စောင်း"(အပိုင်း-၁)
- ၁၀:၃၀ မြန်မာရုပ်ရှင် "တိမ်တွေပေါ်က သတို့သမီး"
- ၁၂:၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ "သရဏဂုံ(၃)ပါး" တရားတော် (အပိုင်း-၁) [ဆရာတော် အရှင်ဝိဇ္ဇာနန္ဒ]
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၇၉)
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၆ နိုင်ငံတကာတက္ကသိုလ်များ ပညာရေးပြပွဲကြီး)
- ၈:၀၀ "မင်္ဂလာပါ" The Morning Show
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၆)
- ၁၀:၁၅ ခေတ်သစ်ပျိုမေ
- ၁၁:၁၅ ဟင်းချက်ရအောင်
- ၁၁:၄၀ ရန်ကုန်မြင်ကွင်းကျယ် -The Journey of Love (အချစ်ခရီးလမ်း) Press Conference -ပဒုမ္မာစားသောက်ဆိုင်မှ ဦးစီးကျင်းပသော (၇)ကြိမ်မြောက် မြန်မာနိုင်ငံ့ညှော့ လမ်းညွှန်များမိတ်ဆုံစားပွဲ
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၆)
- ၁၂:၃၅ အနုပညာမိုးကောင်းကင်
- ၁:၀၀ "သရဏဂုံ(၃)ပါး" တရားတော် (အပိုင်း-၁) [ဆရာတော် အရှင်ဝိဇ္ဇာနန္ဒ]
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၅)
- ၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၉)
- ၃:၄၅ Miss Myanmar World 2016
- ၃:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Entry Company Limited 3rd Anniversary Recognition Ceremony)
- ၄:၀၀ Cartoon Series (Go Go Giggles)
- ၄:၅၅ ခေတ်သစ်ပျိုမေ
- ၆:၁၀ Health Fix
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၀)
- ၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၆)
- ၈:၁၅ ရသစုံညွှန်းတမ်းများ
- ၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၇)
- ၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၇)
- ၉:၅၅ အနုပညာမိုးကောင်းကင်
- ၁၀:၁၅ Let's Talk
- ၁၀:၄၅ MRTV-4 Stage
- ၁၁:၁၅ World of Knowledge (America Lost Treasures Los Angeles)

# ယူရို-၂၀၁၆ ပြိုင်ပွဲတွင် အိမ်ရှင်ပြင်သစ်ဖိုလ်စွဲရန် ထိပ်ဆုံးမှရေပန်းစား



ယူရို-၂၀၁၆ပြိုင်ပွဲ ကျင်းပရန် နီးကပ်လာချိန် အိမ်ရှင်ပြင်သစ်အသင်းသည် ကမ္ဘာ့ချန်ပီယံဂျာမနီနှင့် နှစ်ကြိမ်ဆက်ယူရိုဖလားချန်ပီယံ စပိန်အသင်းတို့အား ကျော်ဖြတ်ကာ ဖိုလ်စွဲရန် ရေပန်းစားမှုအဆင့်တွင် ထိပ်ဆုံးမှရပ်တည်နေကြောင်း စကိုင်းစပို့စ်က ဖော်ပြသည်။ ဂျာမနီအသင်းသည် ဒုတိယ၊ စပိန်အသင်းသည် တတိယနေရာတို့ဖြင့် ရေပန်းစားနေပြီး အင်္ဂလန်အသင်းသည် အီတလီနှင့် ဘယ်လ်ဂျီယံအသင်းတို့အား ကျော်လွန်ကာ စတုတ္ထနေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်းလည်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။ ရေပန်းစားမှု အနိမ့်ဆုံးအသင်းများမှာ မြောက်အိုင်ယာလန်၊ အယ်လ်ဘေးနီးယားနှင့် ဟန်ဂေရီအသင်းတို့ဖြစ်ကြသည်။

ပြင်သစ်အသင်းတွင် ဘင်ဇီမာ၊ ဗာရာနီ၊ ဘင်အာဖာတို့ပါဝင်မည်မဟုတ်သော်လည်း ယခုကဲ့သို့ ဖိုလ်စွဲရန်ရေပန်းစားနေခြင်းမှာ အိမ်ရှင်အဖြစ် တာဝန်ယူခဲ့သည့်နှစ်များတွင် ချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းကြောင့်ဖြစ်သည်။ ပြင်သစ်သည် အဓိကပြိုင်ပွဲလေးကြိမ်တွင် အိမ်ရှင်အဖြစ်ဆောင်ရွက်ခဲ့ဖူးရာ အစောပိုင်းနှစ်များဖြစ်သည့် ၁၉၃၈ ကမ္ဘာ့ဖလားနှင့် ယူရို-၁၉၆၀ တို့တွင် အောင်မြင်မှုမရရှိခဲ့သော်လည်း ယူရို-၁၉၈၄ နှင့် ၁၉၉၈ ကမ္ဘာ့ဖလားတို့တွင် ချန်ပီယံဖြစ်ခဲ့သည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်

## ကိုးနှစ်အတွင်း အီတလီအသင်းလူစာရင်းမှာ ပထမဦးဆုံး ချန်လှပ်ခံခဲ့ရတဲ့ ပီယာလို

အီတလီနည်းပြကွန်တီ နောက်ဆုံးထုတ်ပြန်လိုက်တဲ့ အီတလီလက်ရွေးစင် ကစားသမား ၂၃ ဦးစာရင်းမှာ ဝါရင့်နောက်ခံလူ ပီယာလို ပါဝင်လာခြင်းမရှိတာကို တွေ့ရပါတယ်။ သူကတော့ အီတလီအသင်းလူစာရင်း မထုတ်ပြန်ခင် နည်းပြကွန်တီနဲ့ ဆွေးနွေးမှုပြုလုပ်ခဲ့တဲ့အတွက် ယခုလိုဖြစ်လာတဲ့ အနေအထားအပေါ် နားလည်တယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ ပရော်ဖက်ရှင်နယ် အတွေ့အကြုံအရ ကွန်တီအပေါ် အမုန်းပွားစရာ အကြောင်းမရှိပါဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။

ပီယာလိုက သူပါဝင်ခြင်းမရှိပေမယ့် အီတလီအသင်းအနေနဲ့ ဂျာမနီ၊ စပိန်၊ ပြင်သစ် အသင်းတို့ကိုကျော်ဖြတ်ပြီး ချန်ပီယံဆုဖလားရရှိနိုင်တယ်လို့လည်း ဟောကိန်းထုတ်လိုက်ပါတယ်။ ပီယာလိုဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီက ဂျူဗင်တပ်ကနေ မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းကို ပြောင်းရွှေ့သွားခဲ့ပေမယ့် အခုထိ အကောင်းဆုံးခြေစွမ်းကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပါတယ်။ သူဟာ အီတလီအသင်းနဲ့အတူ ၂၀၀၆ကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်ခဲ့ပြီးနောက် ယူရို-၂၀၁၂ ပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲအထိ ရောက်ရှိခဲ့ဖူးသူပါ။

## အလွတ်တည်ကန်ဘောတိုင်းမှ ဂိုးရရှိရန် မျှော်လင့်နိုင်ပြီဟု ပါယက်ယုံကြည်

ပြင်သစ်အသင်း ကွင်းလယ်လူပါယက်က ယခုအချိန်တွင် သူ၏ အလွတ်တည်ကန်ဘောများမှတစ်ဆင့် သွင်းဂိုးများကို ပရိသတ်များ အပြည့်အဝမျှော်လင့်နိုင်ပြီဖြစ်ကြောင်း ဆိုလိုက်သည်။ ပြင်သစ်အသင်းက ကင်မရွန်းအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်တွင် ပါယက်မှာ ပွဲပြီးခါနီး နာကျင်အချိန်ပို၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် အနိုင်ဂိုး ဂိုးသွင်းယူနိုင်ပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပါယက်သည် ယခုနှစ်တွင် ဝက်စ်ဟမ်းအသင်း၌ ခြေစွမ်းကောင်းတစ်ရပ်ပြသနိုင်ခဲ့ပြီးနောက် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ မန်ယူ၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့အား ရင်ဆိုင်ခဲ့သည့် ပွဲစဉ်များတွင် ပါယက်၏ အလွတ်တည်ကန်ဘောသွင်းဂိုးများကို မြင်တွေ့ခဲ့ရသည်။

"ကျွန်တော်ရဲ့ အလွတ်တည်ကန်ဘောသွင်းဂိုးတွေကြောင့် ပရိသတ်က ကျွန်တော်ကန်သွင်းတိုင်းဂိုးရမယ်လို့ မျှော်လင့်လာကြပေမယ့် အကြိမ်တိုင်းဂိုးအဖြစ်ပြောင်းလဲနိုင်ဖို့ဆိုတာ ခက်ခဲပါတယ်။ ဒါပေမယ့် အခုတော့ သူတို့ အပြည့်အဝမျှော်လင့်လို့ရနေပါပြီ"ဟု ပါယက်က L'Equipe နှင့် အင်တာဗျူးပြုလုပ်စဉ် ထည့်သွင်းပြောကြားလိုက်သည်။

## ဒိုင်ဘာလာအတွက် ယူရို သန်း ၉၀ တန်ကမ်းလှမ်းမှုအား ဂျူဗင်တပ်ပယ်ချ

စပိန်ထိပ်တန်းကလပ် ဘာစီလိုနာအသင်းသည် ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဒိုင်ဘာလာအတွက် ယူရိုသန်း ၉၀ ဖြင့် ကမ်းလှမ်းမှုအား ဂျူဗီဘက်မှပယ်ချခဲ့ကြောင်း တက်တိုစပို့စ်အားကစားမီဒီယာက ဖော်ပြသည်။ ဒိုင်ဘာလာမှာ ပြီးခဲ့သည့်နွေဈေးကွက်တွင် ပါလာမိုမှ ဂျူဗင်တပ်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၃ ဂိုးအထိသွင်းယူနိုင်ခဲ့ရာ ဥရောပထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာတွင် ထိပ်တန်းတိုက်စစ်မှူးများဖြစ်သည့် နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်တို့ရှိနေသော်လည်း ဘာစီလိုနာနည်းပြ အင်းနရစ်က အသက်(၂၂)နှစ်အရွယ်သာရှိသေးသည့် တိုက်စစ်မှူး ဒိုင်ဘာလာအား မြင့်မားသည့်နှုန်းထားဖြင့် ပေးချေခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

## မော်ရင်ဟိုနှင့်ပူးပေါင်းဖို့ မန်ယူကိုရောက်လာမည့် အီဗရာဟီမိုဗစ်ချ်

ပီအက်စ်ဂျီတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် မန်ယူနည်းပြသစ် မော်ရင်ဟိုနှင့်လက်တွဲရန် မန်ယူအသင်းသို့ ရောက်ရှိလာရန်ရှိနေကြောင်း သိရသည်။ အသက်(၃၄)နှစ်အရွယ် အီဗရာဟီမိုဗစ်ချ်မှာ ပြီးခဲ့သည့် မတ်လလယ်ကတည်းက ပီအက်စ်ဂျီမှ ထွက်ခွာတော့မည်ဟု အတည်ပြုပြောကြားခဲ့သော်လည်း မည်သည့်အသင်းကို ပြောင်းရွှေ့မည်ဆိုသည်ကို ကာယကံရှင်ကိုယ်တိုင်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

အီဗရာဟီမိုဗစ်ချ် ပီအက်စ်ဂျီမှ ထွက်ခွာတော့မည်ဟု ပြောကြားခဲ့ပြီးနောက်ပိုင်း ဥရောပအင်အားကြီးအသင်းများအပြင် မေဂျာလိဂ်နှင့် တရုတ်စူပါလိဂ်အသင်းအတော်များများက ခေါ်ယူရန် ချိတ်ဆက်ခဲ့သော်လည်း မော်ရင်ဟိုနှင့် ပြန်လည်လက်တွဲခွင့်အတွက် မန်ယူကိုသာ သေချာပေါက်ရွေးချယ်ရန် မိုဗစ်ချ်က ဆန္ဒရှိနေခြင်းဖြစ်သည်။

## ပေါင်သန်း၂၀ ဝန်းကျင်ဖြင့် ဗာဒီအား ရရှိနိုင်မည်

ချန်ပီယံလိဂ်ဝင်ခွင့်ရ ကလပ်အသင်းများအနေဖြင့် လက်စတာတိုက်စစ်မှူး ဗာဒီအား ပေါင်သန်း၂၀ ဝန်းကျင်ဖြင့် ခေါ်ယူ၍ရနိုင်ကြောင်း လက်စတာနှင့် ဗာဒီတို့ချုပ်ဆိုထားသည့် စာချုပ်အရ သိရသည်။ ဗာဒီသည် ပြီးခဲ့သည့် ဇန်နဝါရီလကပင် ကလပ်အသင်းနှင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ထားသူဖြစ်သော်လည်း စာချုပ်ပါအချက်အလက်များအရ ဗာဒီအား ယင်းပမာဏလောက်ပေးချေကာ ခေါ်ယူနိုင်မည်ဖြစ်သည်။ သို့သော် လက်စတာနည်းပြ ရာနီရေရီက လက်စတာထိပ်တန်းကစားသမားများအားလုံး ကလပ်အသင်းအတွက် လာမည့်ဘောလုံးတစ်ရာသီ ဆက်လက်ရှိစေရန် ပန်ကြားထားပြီးဖြစ်သည်။ ဗာဒီ၊ မာရက်ဇ်၊ ရှမိုက်ကယ်တို့ ကလပ်အသင်းတွင် ဆက်ရှိရန်သေချာသော်လည်း ကွင်းလယ်ကစားသမားကန်တီမှာမူ အသင်းပြောင်းရွှေ့ရန် အလားအလာများနေကြောင်းလည်း သိရသည်။

ယူရို ၂၀၁၆ မိတ်ဆက်

# နောက်တစ်ဆင့်ကိုတက်ရောက်မယ့် ဆွစ်ဇာလန်နဲ့ အုပ်စု(က) အပိုင်း(၂)

### အယ်လ်ဘေးနီးယား

အယ်လ်ဘေးနီးယားဟာ ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ အခုတစ်ကြိမ်မှသာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီတစ်ကြိမ်ခြေစစ်ပွဲအောင်မြင်လာရာမှာတော့ အယ်လ်ဘေးနီးယားရဲ့ခြေစွမ်းကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အထူးသဖြင့် အယ်လ်ဘေးနီးယားဟာ ခြေစစ်ပွဲအတွင်းမှာ ပေါ်တူဂီ၊ ဒိန်းမတ်၊ ဆားဘီးယားတို့လို အသင်းကောင်းတွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပေမယ့်လည်း အုပ်စုတွင်းမှာ ဒုတိယနေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အဆိုပါခြေစစ်ပွဲတွေအတွင်းမှာဆိုရင် အယ်လ်ဘေးနီးယားဟာ ပေါ်တူဂီ၊ ဆားဘီးယားတို့ကို အဝေးကွင်းပွဲစဉ်တွေမှာတောင် အနိုင်ရရှိခဲ့သလို ဒိန်းမတ်လိုအသင်းကောင်းကိုလည်း အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံး သရေခံကစားနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အယ်လ်ဘေးနီးယားဟာ ဒီယူရိုပြိုင်ပွဲရဲ့ အုပ်စု(က)အတွင်းမှာလည်း မထင်မှတ်တဲ့ စွမ်းဆောင်ရည်မျိုး ဆောင်ရွက်ပြနိုင်မလားဆိုတာ စောင့်ကြည့်သွားရဖို့ ရှိနေပါတယ်။

အထူးသဖြင့် အယ်လ်ဘေးနီးယားဟာ တစ်ဦးချင်းအနေအထားမှာ နာမည်ကြီးထိပ်တန်းကစားသမားတွေ မပါဝင်ပေမယ့်လည်း အသင်းလိုက်စုဖွဲ့မှုအား အထူးကောင်းမွန်သလို ဖူးရစ်ကွင်းလယ်ကစားသမား ကိုကီလင်၊ ဘေဆယ်လ်ကွင်းလယ်ကစားသမား ဇာခါ၊ နန့်စ်ခံစစ်မှူး ကာနာတို့လို ကစားသမားတွေဟာလည်း အသင်းကို အကောင်းဆုံး အကျိုးပြုနိုင်ခဲ့တဲ့ကစားသမားတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း အယ်လ်ဘေးနီးယားရဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကို လျှော့တွက်လို့ခက်ခဲတဲ့အပြင် အုပ်စုတွင်းမှာ ကော်ကောင်အသင်းတစ်သင်းအဖြစ် သတ်မှတ်နိုင်ပါတယ်။

### ဆွစ်ဇာလန်

ဆီဖီရိုဗစ်၊ မက်မီဒီ၊ ဂရာနစ်ဇာခါ၊ ရီကာဒိုရိုဒရီဂွက်ဇ်စတဲ့ ဘွန်ဒက်လီဂါ ပြိုင်ပွဲအတွင်း ခြေစွမ်းပြသနိုင်ခဲ့တဲ့ ကစားသမားတွေအပြင် ဂျီနိုအာကွင်းလယ်ကစားသမား ဒီဇီမာလီ၊ ဘေဆယ်လ်ကွင်းလယ်ကစားသမား စတီဖင်န်၊ ရိုန်းစ်ကွင်းလယ်ကစားသမား ဖာနန်ဒက်ဇ်၊ ဂျူဗင်တပ်ခံစစ်မှူး လီချက်စတိန်နာတို့လို ကစားသမားတွေနဲ့ပါ ဖွဲ့စည်းလာမယ့်ဆွစ်ဇာလန်ဟာလည်း ဒီအုပ်စုတွင်းရဲ့ အုပ်စုဒုတိယနေရာကို ခြိမ်းခြောက်လာနိုင်တဲ့အသင်းတစ်သင်းဖြစ်နေပါတယ်။

ဆွစ်ဇာလန်ဟာ ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ သုံးကြိမ်သာ ခြေစစ်ပွဲအောင်ခဲ့ပြီး အဆိုပါ သုံးကြိမ်စလုံးမှာ အုပ်စုအဆင့်ကထွက်ခွာခဲ့ရပေမယ့်လည်း အနီးစပ်ဆုံးပြိုင်ပွဲဖြစ်တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ပြင်သစ်နဲ့အတူ အုပ်စုတွင်းကို ကျော်ဖြတ်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲတွေကစားခဲ့ရာမှာလည်း အင်္ဂလန်၊ ဆလိုဗေးနီးယားတို့လို အသင်းကောင်းတွေပါဝင်နေတဲ့ အုပ်စုတွင်းမှာ ဆွစ်ဇာလန်ဟာ အုပ်စုဒုတိယရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။

အထူးသဖြင့် ဆွစ်ဇာလန်ဟာ အဆိုပါခြေစစ်ပွဲအတွင်း ၁၀ ပွဲကစားခဲ့ရာမှာ တိုက်စစ်က ၂၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့အတွက် တိုက်စစ်ထက်မြက်တဲ့အသင်းအဖြစ်လည်း သတ်မှတ်နိုင်မှာဖြစ်ပါတယ်။ အဆိုပါ ၂၄ ဂိုးအနက် စတုတ်ကစားသမား ရှာကွီရီ၊ ဟမ်းဘတ်တိုက်စစ်မှူး ဒါမစ်၊ ဖရန့်ဖတ်တိုက်စစ်မှူး ဆီဖီရိုဗစ်တို့ သုံးဦးပေါင်းဟာ ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် အဆိုပါဆွစ်ဇာလန်ရဲ့ တိုက်စစ်စုဖွဲ့မှုဟာလည်း အုပ်စု(က)အတွင်းမှာရှိတဲ့ ပြိုင်ဘက်တွေအတွက် သတိပြုသွားရမှာဖြစ်ပါတယ်။

ဒါ့အပြင် ဂျူဗင်တပ်ခံစစ်မှူး လီချက်စတိန်နာ ဦးဆောင်တဲ့ ဆွစ်ဇာလန်ရဲ့ ခံစစ်ပိုင်းဟာလည်း ခြေစစ်ပွဲတွေအတွင်း ကျစ်လျစ်မှုရှိခဲ့တယ်လို့ ဆိုနိုင်သလို အဆိုပါခြေစစ်ပွဲ ၁၀ ပွဲအတွင်းမှာ ရှစ်ဂိုးသာ ပေးခဲ့ရပြီး ခြောက်ပွဲတိတိ ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်လည်း ဆွစ်ဇာလန်ဟာလည်း ဒီအုပ်စုတွင်းမှာ လျှော့တွက်လို့မရတဲ့ အသင်းတစ်သင်းအဖြစ် ရပ်တည်လာနိုင်ပါတယ်။

■ ရှိုင်းမင်းမင်း ■



ဂျပန်ကြီး(ခ)ကျော်နိုင်လင်း၊ ဘိုဘိုလင်း(ခ)အောင်ကိုလင်း၊ အောင်မြင့်ဦး(ခ)သုတ၊ အောင်ပိုင်စိုး(ခ)ခါလေးတို့အား တွေ့ရစဉ်။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၀)ရပ်ကွက်အုပ်ချုပ်ရေးမှူးအား သတ်ပြီးထွက်ပြေးတိမ်းရှောင်သွားသူများအား နာရီ ၄၀ အတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၃၁**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးဇော်ဝင်းက သိန်းတစ်ရာလမ်းမပေါ်၌ မေ ၂၉ ရက် ည ၈ နာရီတွင် အသက် (၁၃)နှစ်အရွယ် ကလေးငယ်တစ်ဦးအား လူငယ်သုံးဦးက ဆဲဆိုကြိမ်းမောင်းနေသည်ကိုတွေ့ရှိရ၍ ဝင်ရောက်တားမြစ်ရာမှ အဆိုပါလူငယ်သုံးဦးက ဓားကိုယ်စီဖြင့် ဦးဇော်ဝင်းအား ဝိုင်းဝန်းထိုးခုတ်ပြီး ထွက်ပြေးခဲ့ရာ ဦးဇော်ဝင်းမှာ ဒဏ်ရာများရရှိသဖြင့် သယ်န်းကျွန်းစံပြဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ရာ လူသတ်ပြီး ထွက်ပြေးတိမ်းရှောင်သူများအား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ ဂျပန်ကြီး(ခ)ကျော်နိုင်လင်း၊ ၎င်း၏အစ်ကိုဖြစ်သူ ဘိုဘိုလင်း(ခ)အောင်ကိုလင်းနှင့် အောင်မြင့်ဦး (ခ)သုတတို့ သုံးဦးဖြစ်ကြောင်းသိရှိရပြီး ဖမ်းဆီးရမိရေးအတွက် အဖွဲ့ငယ်များဖြန့်ခွဲ စုံစမ်းဖမ်းဆီးခဲ့ရာ မေ ၃၀ ရက် မွန်းလွဲ ၂နာရီမိနစ် ၂၀တွင် အောင်မြင့်ဦး(ခ)သုတအား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက် လှော်ကားလမ်းမပေါ်တွင်လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူ ဂျပန်ကြီး(ခ) ကျော်နိုင်လင်း၏ ညီတော်စပ်သူ ထက်ပိုင်လင်း(ခ)တာတေအား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက် ငုဝါမြိုင်လမ်းပေါ်တွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ပြစ်မှုကျူးလွန်သူများ ထွက်ပြေးတိမ်းရှောင်ရန်အားပေးကူညီသူ အောင်ပိုင်စိုး(ခ)ခါလေးအား ဒဂုံမြို့သစ်(အရှေ့)မြို့နယ် အင်ကြင်းလမ်းသွယ် (၁)တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ တိမ်းရှောင်ထွက်ပြေးသူ ဂျပန်ကြီး(ခ)ကျော်နိုင်လင်းနှင့် အောင်ကိုလင်း(ခ)ဘိုဘိုလင်းတို့မှာ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သံတံတားကျေးရွာသို့ ရောက်ရှိနေကြောင်း သတင်းအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များနှင့် ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းပြီး အသွင်ယူစုံစမ်းခဲ့ရာ တိမ်းရှောင်ထွက်ပြေးသူနှစ်ဦးမှာ မေ ၃၁ ရက် နံနက်ပိုင်းက အမျိုးသမီးငယ်တစ်ဦးနှင့်အတူ မြဝတီမြို့သို့ ခရီးသည်တင် ယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သတင်း အတည်ပြုရရှိခဲ့သည်။

ပူးပေါင်းတပ်ဖွဲ့ဝင်များသည် တိမ်းရှောင်ထွက်ပြေးသူများစီးနင်းသွားသော ယာဉ်အား ပိတ်ဆို့ဖမ်းဆီးပေးနိုင်ရေးအတွက် မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့နှင့် ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့သို့ ဆက်သွယ်ပြီး ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မေ ၃၁ ရက် မွန်းလွဲ ၁၂နာရီ ၃၅ မိနစ်တွင် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် တိမ်းရှောင်ထွက်ပြေးသူ ဂျပန်ကြီး(ခ)ကျော်နိုင်လင်း၊ အောင်ကိုလင်း(ခ) ဘိုဘိုလင်းနှင့်အတူ ဂျပန်ကြီး၏ရည်းစားဖြစ်သူ မ-----သုံးဦးအား လက်ရဖမ်းဆီးရမိခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား သတ်ပြီးထွက်ပြေး တိမ်းရှောင်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ နာရီ ၄၀ အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး အသွား၊ အပြန် ၁၂ မိုင်ခန့်အကွာ တစ်နေ့တည်း ယာဉ်တိုက်၊ မီးလောင်မှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် မေ ၃၁**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၆၁/၁) နှင့် (၆၁/၂) ကြား (အသွားလမ်း)၌ မေ ၃၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် ယာဉ်မောင်း ဦးဝင်းနိုင်မောင်းနှင်လာသည့် ဟိုက်ဂျက်ယာဉ်သည် စက်ချွတ်ယွင်း၍ အခြားယာဉ်တစ်စီးနှင့် ဆွဲယူရန်ပြင်ဆင်နေစဉ် ရန်ကုန်ဘက်မှ မောင်းနှင်လာသော ယာဉ်မောင်း Mr.BALASTA JOSEPTBORAL (ဖိလစ်ပိုင်နိုင်ငံသား) မောင်းနှင်လာသည့် Ford ယာဉ်က ဟိုက်ဂျက်ယာဉ်အား ဝင်ရောက်တိုက်မိရာ ယာဉ်နှစ်စီးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဟိုက်ဂျက်ယာဉ်ပေါ်တွင် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ငါးဦးလိုက်ပါလာကြပြီး Ford ယာဉ်ပေါ်တွင် ယာဉ်မောင်းတစ်ဦး သာပါရှိကာ ဟိုက်ဂျက်ယာဉ်မောင်းမှာ မော်တော်ယာဉ်အတွင်း ပိတ်မိကာ မီးလောင်သေဆုံးခဲ့ပြီး ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးမှာ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်လည်း ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၄၉/၀) နှင့် (၄၉/၁) ကြား (အပြန်လမ်း)၌ ဦးမြင့်ကိုကျော် မောင်းနှင်လာသည့် 8C-×××× Toyota Mark II ယာဉ်သည် ရှေ့မှမောင်းနှင်နေသော ယာဉ်အား ကျော်တက်ရာ အရှိန်မ ထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း Barrier တုံးများအား ဝင်တိုက်မိပြီး ယာဉ်မီးလောင်မှု ဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ လိုက်ပါလာကာ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်။

အခင်းဖြစ်ပွားရာ နေရာများသို့ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ လမ်းအပိုင်းတာဝန်ခံ အင်ဂျင်နီယာများ၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အမြန်ဆုံးရောက်ရှိပြီး မီးငြိမ်းသတ်ခြင်း၊ ယာဉ်ကြောရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်များအား အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(အောင်မင်းဟန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၁**

ရန်ကုန်(ရွှေဈေး) ၇၇၁၅၀၀ - ၇၇၁၅၀၀ မန္တလေး(ရွှေဈေး) ၇၇၁၀၀၀ - ၇၇၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၆၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၁၇. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၉. ၅၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၀၉၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၇. ၈၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၆. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၂၆၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၀. ၂၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၅၆. ၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


## မွေးနေ့ဆုမွန်ကောင်းတောင်းလွှာ

သား၊ သမီး၊ မြေးများနှင့် ဝန်ထမ်းများအပေါ် မေတ္တာတရားကြီးမားသော ကျေးဇူးရှင် ချစ်ဖေဖေ **“မုံရွာဆရာမိုး”**၏ ၁-၆-၂၀၁၆ရက်တွင် ကျရောက်သည့် (၇၂)နှစ်ပြည့် မွေးနေ့မှသည် အသက်ရာကျော်ရှည်သည့်တိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့်အတူတကွ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သား၊ သမီး - ဗိုလ်မှူးကျော်ကိုကိုရှိန်း-ဒေါ်မိုးပြည့်ပြည့်ဖြိုး
မြေးများ - မောင်ကျော်ကိုကိုဆက်နိုင် (Total Primary-1)
- မောင်သုဝေယံရှိန်း (Senior-BreeZy-Total)
- မောင်မိုးပြည့်စုံဟိန်း (Leader-Aplomb-Total)
ညီ - ဦးမြင့်

**တူ၊ တူမများနှင့်**
**မုံရွာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဝန်ထမ်းများ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးတွင် လူနာများအတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများဖိတ်ခေါ်ပါသည်။
- FDA အသိအမှတ်ပြုဆေးနှင့်ဆေးဝါးပစ္စည်းများ
- ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
- ဆေးရုံသုံးပစ္စည်းများ

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၆-၂၀၁၆ရက်(ကြာသပတေးနေ့)
- ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး**
**၂၆၂/ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၉၂၁၁၈**




**ဖခင်အမည်မှန်**

မင်္ဂလာဒုံမြို့နယ်၊ အထက(၅)၊ ဒသမတန်းမှ မောင်အောင်မိုးဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် [၁၄/မအန(နိုင်)၁၈၀၉၄၆] ဖြစ်ကြောင်း။

## ကွန်ဒိုတိုက်ခန်းငှားမည်

7/B၊ ရှူးတာဝါ၊ ဗိုလ်မြတ်ထွန်းလမ်း(အလယ်)၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
(ဓာတ်လှေကား၊ ကိုယ်ပိုင်ထရန်စဖော်မာပါ၊ အသင့်တက်နေနိုင်)
ဆက်သွယ်ရန် Ph:09-782003822, 09-2003822, 09-797407415, 09-2005315

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9415 အမျိုးအမည် Toyota Passo KGC 10 ယာဉ်လက်ဝယ်ရှိသူအမည် ဦးဇော်မြင့် [၁၂/သဃက(နိုင်)၁၅၁၀၆၉]မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/၎(ရွာမ)၊ မြေကွက်အမှတ် ၁၆/၎-၁A၊ ဧရိယာ(၀. ၀၆)ဧက၊ မြေကွက်တည်နေရာ အမှတ်-၄၃၇/က၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ဦးဝင်းထိန်) (DV- ၀၀၀၇၈၅)၊ ဒေါ်သိန်းမြင့်ကြည် (TVY- ၀၆၅၉၉၉)အမည်ပေါက်၊ မြေပိုင်မြေ၊ လ/န (၃၉) ရပြီး မြေအား အရောင်းအဝယ်စာချုပ်- ၇၉၁၇/၁၅ (၁၈-၁၂-၁၅) ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးမြင့်သန်း[၁၂/တမန(နိုင်)၀၈၆၁၀၄]၊ ဒေါ်ကျင်မွေး (ခ) သန်းသန်းငွေး[၁၂/တမန(နိုင်)၀၈၆၁၀၅] နှစ်ဦးအနက် ခင်ပွန်းဖြစ်သူ ဦးမြင့်သန်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်မွေး(ခ) ဒေါ်သန်းသန်းငွေးမှ တရားဝင် ဇနီးတော်စပ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**Junction မော်တင်စင်တာရှေ့ မြေညီ(၂)လွှာ ငှားမည်**

လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အလွန်စည်ကားသည့် မော်တင်စင်တာရှေ့ တည့်တည့် မြေညီ(၂)လွှာ ငှားမည်။ အကျယ် (၁၂½×၅၀)ပေ ပြင်ဆင်ပြီး အိမ်သာရေချိုးခန်း(၂)စုံပါဝင်သည်။ Money Changer၊ ကုမ္ပဏီ Showroom၊ 24 Hour Mini Mart ဖွင့်ရန် အထူးသင့်လျော်သည်။ တစ်လ(၁၈)သိန်း၊ (ညှိနှိုင်း) ဂျပန် စားသောက်ဆိုင်ရသည်။
**ဖုန်း ၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးခြင်း

Carlifornia Brand, Body Glove Myanmar Co.,Ltd., မှ ဖြန့်ဖြူးရောင်းချသော Body Glove အမှတ်တံဆိပ် အဝတ်အထည်များကို မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်မဆို လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလိုသူများသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၁-၅၁၂၇၃၉၊ ၀၉- ၅၀၂၉၂၂၆**

# ရက် ၁၀၀ အတွင်း ပျားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ပြည်သူများ အလုပ်အကိုင်ရရှိလာ



**စဥ့်ကိုင် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာတွင်တည်ရှိသော ပျားလုပ်ငန်းဌာနအနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ပျားရည်များထုတ်လုပ်ပေးခြင်း၊ ပျားအုံများတိုးပွားရေး ဆောင်ရွက်ပေးခြင်း၊ ဝတ်မှုံကူးခြင်းလုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်း၊ တိုးချဲ့ပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပျားများရောဂါကင်းရှင်းရေး ဆောင်ရွက်ပေးခြင်း၊ ပျားလုပ်ငန်းလုပ်ကိုင်သူများ စနစ်တကျရှိရေး လုပ်ငန်းလိုင်စင်များစစ်ဆေးပေးခြင်း၊ ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ပျားဘုရင်မများ မွေးမြူဖြန့်ဖြူးပေးခြင်း၊ ပျားမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စဥ့်ကိုင်မြို့နယ်အတွင်းတွင် ရက်ပေါင်း ၁၀၀ အတွင်း ပျားမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးမှုကြောင့် ပျားရည်နှင့်ပျားအုံများ စနစ်တကျဖွံ့ဖြိုးတိုးတက်မှုရှိခြင်း၊ ပြည်သူများစိုက်ပျိုးထားသော သီးနှံများဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုရရှိခြင်းအကျိုးကျေးဇူးများရရှိလာသည်။

ပျားရည်အထွက်နှုန်းပိုမိုရရှိခြင်း၊ ပြည်သူများထံသို့ ပျားမွေးမြူရေးနည်းပညာများ ပြန့်ပွားခြင်း၊ပျားမွေးမြူသူများ၏ ပျားစခန်းများမှ ပျားအုံများရောဂါပြန့်ပွားမှုမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ ပျားဘုရင်မအသစ်များ မွေးမြူပေးမှုကြောင့် ပျားရည်အထွက်နှုန်းပိုမိုကောင်းမွန်စေခြင်း၊ ပျားမွေးမြူသူများအနေဖြင့် လိုင်စင်သက်တမ်းကုန်ဆုံးခြင်းနှင့် လိုင်စင်မဲ့ မွေးမြူသူများမရှိအောင် ဖော်ထုတ်ပေးနိုင်ခြင်းများ ဆောင်ရွက်ပေးထားကြောင်း ပြည်သူများ အလုပ်အကိုင်ရရှိစေကြောင်း စဥ့်ကိုင်မြို့နယ် ပျားလုပ်ငန်းဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းကိုက ပြောပြသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

## ရက် ၁၀၀ စီမံချက်အရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ရှင်းလင်းတင်ပြ

**ကျောက်တံခါး မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမတွင် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ရက် ၁၀၀ စီမံချက်အရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ရှင်းလင်းတင်ပြခြင်းအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသော အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးများကို ရက် ၁၀၀ စီမံချက်ဖြင့် အကောင်ထည်ဖော်ဆောင်ရွက်သည့်နေရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူတွေအပေါ် နွေးထွေးပျူငှာစွာ ပေါင်းသင်းဆက်ဆံခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ အထောက်ကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့များ၊ သတင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်ပြီး ဥပဒေကို လေးစားလိုက်နာသော လူ့အဖွဲ့အစည်းဖြစ်လာအောင် ကြိုးစားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ပထမရက် ၁၀၀ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**ထီးချိုင့် မေ ၃၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးလုပ်ငန်းစဥ်များ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှု မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ထီးချိုင့် အ. ထ. ကကျောင်း သခင်မြမောင်ခန်းမ၌ မေ ၂၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က ပထမရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ပညာရေးဌာနလုပ်ငန်းစဥ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ပညာရေးအသုံးစရိတ်များ တိုးမြှင့်ပြီး မိဘပြည်သူတို့၏ ဝန်ထုပ်ဝန်ပိုးများကို ဖြေလျှော့ပေးသည့်အနေဖြင့် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးနေကြောင်း၊ မူလတန်းအဆင့်တွင် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ အလယ်တန်းအဆင့်တွင် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း အခမဲ့ထောက်ပံ့ပေးပြီး အခြားသောငွေကြေးများ ကောက်ခံခြင်းမပြုကြောင်းတို့ကို ရှင်းလင်းခဲ့သည်။ ယင်းနောက်ကျောင်းအပ်နှံချိန်တွင် တွေ့ကြုံရသည့်အခက်အခဲအနေဖြင့် စနစ်သစ် (KG) သူငယ်တန်းလက်ခံရာတွင် သတ်မှတ်ထားသည့် အသက်ငါးနှစ်ပြည့်ရမည်ဖြစ်သော်လည်း လပိုင်းမျှသာလိုသည့်ကလေးများအတွက် ဖြေလျှော့သည့်အနေဖြင့် ငါးနှစ်ပြည့်ရန်တစ်လ လိုပါကသက်ဆိုင်ရာကျောင်းအုပ်၏ ထောက်ခံချက်၊ နှစ်လလိုပါက မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်၊ သုံးလလိုပါက တိုင်းပညာရေးမှူး၏ထောက်ခံချက်ဖြင့် လက်ခံပေးခဲ့ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် KG တန်းများအတွက် ထောက်ပံ့သည့် ကျောင်းသုံးစာအုပ်များကို တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်ခဲ့သည်။

**စောကလျာ(ထီးချိုင့်)**

## ရက် ၁၀၀ စီမံချက်အရ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်ပေး

**ဝမ်းတွင်း မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရက် ၁၀၀ စီမံချက်အရ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝမ်းတွင်းမြို့ အမှတ်-၂ မေခလာရပ်ကွက် မီးသတ်တပ်ဖွဲ့စခန်းအဆောက်အအုံတွင် မေ ၂၉ ရက် နံနက် ၉ နာရီက ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းကွင်းဆင်းကုသရာသို့ ရပ်ကွက်အတွင်းရှိ ကျန်းမာရေးမကောင်းသူ ၇၄ ဦးအား အခမဲ့ဆေးဝါးကုသ စောင့်ရှောက်မှုများဆောင်ရွက်ခဲ့ပြီး လိုအပ်သည့်ကူညီဆောင်ရွက်မှုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နှင့်အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြသည်။ **ဒွေးလှိုင်(ဝမ်းတွင်း)**

## ရက် ၁၀၀ စီမံချက်အရ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၆)ရပ်ကွက်အတွင်းနေ မိဘပြည်သူ၊ ကလေးသူငယ်များ ရေဝပ်ရေအိုင်များကြောင့် မှဲ့၊ ခြင်၊ ယင်များပေါက်ပွားကာ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားမလိုလားအပ်သည့် ရောဂါဝေဒနာများ ဖြစ်ပွားခံစားရမှု မရှိစေရေးအတွက် အမှတ် ၁၆ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းဦးနှင့် ဆယ်အိမ်စုကိုယ်စားလှယ်များ၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ အနောက်ပိုင်းခရိုင်ခွဲမှ တာဝန်ရှိသူများနှင့် လက်တွဲပူးပေါင်းကာ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မင်းတပ်လမ်းမကြီး ၀ဲ/ယာရှိ ရေနုတ်မြောင်းကြီးများအတွင်းရှိ နုန်း၊ အမှိုက်၊ မြက်များကို ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားအင်အား၊ လူအင်အားများအသုံးပြုလျက် မေ ၂၉ ရက် နံနက် ၈ နာရီက စတင်ဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

## လူထုလှုပ်ရှားမှု အားကစားဆိုင်းဘုတ်နှင့် ပစ္စည်းများ စိုက်ထူတပ်ဆင်



**မိုးနဲ မေ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူ့အကျိုးပြု အားကစားလှုပ်ရှားမှုပိုစတာများကို လူစည်ကားရာနေရာများတွင် စိုက်ထူခြင်းနှင့် ကိုယ်ကာယကြံ့ခိုင်မှု အားကစားပစ္စည်းများ ဟော်ဝန်းအတွင်းတပ်ဆင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများအား မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဒေါ်နန်းသန်းသန်းစိုးနှင့် ဝန်ထမ်းများက မေ ၂၉ ရက်က လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရက် ၁၀၀ အတွင်း အများပြည်သူအတွက် လုပ်ငန်းများကို OSS ရုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်

**ချောင်းဦး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရက် ၁၀၀ အတွင်း အများပြည်သူအတွက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဥ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ ဆွေးနွေးခြင်းကို OSS ရုံး၌ ပြုလုပ်ခဲ့သည်။

ယင်းသို့ ဆွေးနွေးရာတွင် “ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန်အတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည့် OSS (One Stop Shop) ရုံးမှ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အခြားဝန်ကြီးဌာနများကဲ့သို့ အလေးထားလိုက်နာ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ ဆောင်ရွက်ချက်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေ့စဥ်ထုတ်သတင်းစာများနှင့် သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ရက် ၁၀၀ အတွင်း အများပြည်သူအတွက် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော OSS ရုံးကို ချောင်းဦးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့ ထားရှိကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**

## ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့ ရက် ၁၀၀ စီမံချက် ယာဥ်စည်းကမ်းလိုက်နာရေး ဆောင်ရွက်

**ရေတာရှည် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ပါ ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ယာဥ်မောင်းများ၊ ဆိုင်ကယ်မောင်းသူများအား ပညာပေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်း၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသက်လွင်၊ ရေတာရှည်မြို့မစခန်းမှူး ဒုရဲမှူး ကျော်ဇေယျနှင့် ရဲတပ်ဖွဲ့ဝင်များသည် မြို့မိ၊ မြို့ဖများနှင့်အတူ မေ ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေးကားတွင် ပြေးဆွဲနေသည့် ကုန်တင်ယာဥ်များ၊ အိမ်စီးယာဥ်ငယ်များအား မြို့တွင်းလမ်းများတွင် အရှိန်လျှော့ကာ တစ်နာရီမိုင် ၃၀ ထက်ပိုမမောင်းနှင်ရေး၊ ဆိုင်ကယ်စီးနင်းသူများအား အရည်အသွေးကောင်းမွန်သည့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ ဆိုင်ကယ်စီးနင်းရာ၌ နှစ်ဦးထက်ပိုမိုတင်ဆောင်စီးနင်းခြင်းမပြုရန်အပြင် ယာဥ်လိုင်စင်၊ ယာဥ်မောင်းလိုင်စင်၊ ဆိုင်ကယ်နောက်ကြည့်မှန်များ ပြည့်စုံစွာတပ်ဆင်ရေးအတွက် ပညာပေးဆောင်ရွက်ခဲ့သည်။

ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အရေးယူမှုများကို ဇွန် ၁ ရက်မှစတင်၍ ဥပဒေနှင့်အညီ လိုက်နာခြင်းမရှိသည့်ယာဥ်များအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**

»» စာမျက်နှာ ၁၇ သို့

ဒါတွေကို အတုယူပြီး သုံးမှာစိုးတဲ့အတွက် ဆက်ပြီး အမည်မည်း သွင်းထားမှာဖြစ်တယ်။ အင်တာပိုကနေ အကြမ်းဖက်သမား၊ မူးယစ်ဆေးဝါးတို့နဲ့ ပတ်သက်တယ်ဆိုပြီးတော့ နိုင်ငံတကာပြစ်မှုနဲ့ ဆွဲထားတဲ့သူတွေကိုလည်း လျှော့ပေးစရာမရှိဘူး။ နိုင်ငံခြားသားတွေ ပြစ်မှုတစ်ခုခုကျူးလွန်လို့ မြန်မာပြည်ထဲမှာ အရေးယူခံရပြီး ပြည်နှင်ဒဏ်ပေး၊ အမည်မည်းစာရင်းသွင်းထားတဲ့သူတွေကိုလည်း လျှော့ပေးဖို့မရှိဘူး။ သက်ဆိုင်ရာဌာနတွေရဲ့ ငွေကြေးကိစ္စ တာဝန်ထမ်းဆောင်ပြီး ပြစ်မှုပြစ်ဒဏ်ကျခံနေရတဲ့ကိစ္စ ဌာနဆိုင်ရာအနေနဲ့ အမည်မည်းသွင်းထားတဲ့ နိုင်ငံသားအမည်မည်းစာရင်းသွင်းထားတဲ့သူတွေကိုတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနဲ့ညှိနှိုင်းပြီး သူတို့ဆီကနေ သက်ဆိုင်ရာဥပဒေအရ အရေးယူပြီး အမည်မည်းစာရင်းသွင်းထားတာ ဖြေလျှော့ပေးဖို့ ဆောင်ရွက်နေတယ်။ နံပါတ် (၆)က ၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွေ ထုတ်ပြန်တဲ့အခါမှာ နှစ်ခု ကျန်နေတယ်။ တစ်ခုက တိုင်းရင်းသားအလိုက် လူဦးရေနဲ့ နောက်တစ်ခုက ကိုးကွယ်ရာ ဘာသာအလိုက် လူဦးရေကို ရက်ပေါင်း ၁၀၀ အတွင်းမှာ ဘာသာအလိုက် လူဦးရေကို ထုတ်ပြန်သွားမယ်။

ရက်ပေါင်း ၁၀၀ အတွင်းမှာဆောင်ရွက်မယ့် စီမံချက်ရဲ့ အဓိကမူဝါဒအနေနဲ့ ပြောရမယ်ဆိုရင် ပြည်သူလူထုကို အမြန်ဆုံးအကျိုးဖြစ်ထွန်းစေမယ့်လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့အညီ လက်အောက်ဦးစီးဌာနများက ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေထဲက လျင်မြန်စွာအကျိုးဖြစ်ထွန်းစေမယ့် လုပ်ငန်းတွေကိုရွေးချယ်ပြီး ဦးစားပေးလုပ်ငန်းတွေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်။ ပြည်သူလူထုအပေါ် အမြဲတမ်းထိတွေ့ပြီး ဝန်ဆောင်မှုပေးရတဲ့ ဝန်ကြီးဌာနဖြစ်တာနဲ့အညီ ဆောင်ရွက်တဲ့ လုပ်ငန်း ခြောက်မျိုးစလုံးဟာ ပြည်သူများ နေ့စဉ်ဖြေရှင်းဆောင်ရွက်နေတဲ့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သွားလာရေးနဲ့ နေထိုင်ရေးစတဲ့ ကဏ္ဍအသီးသီးမှာ တစ်နည်း မဟုတ်တစ်နည်း အကျိုးဖြစ်ထွန်းစေမှာ ဖြစ်တဲ့အတွက် ပြည်သူလူထုအတွက် အလွန်အရေးပါတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။

ကျွန်တော်တို့ဌာနက တိုင်းပြည်အတွက် အမှန်တကယ် အရေးကြီးပါတယ်။ တံခါးမှူးတွေပါပဲ။ တစ်ဖက်က နိုင်ငံထဲကို ဝင်လာမယ်ဆိုရင် ဘက်ပေါင်းစုံရင်ဆိုင်ရမှာက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းတွေပါပဲ။ သူတို့ကနေ နိုင်ငံတော်ထဲကို အန္တရာယ်ဖြစ်စေမယ့်၊ အန္တရာယ်ပြုနိုင်မယ့် အကျိုးမပြုတဲ့သူတွေ ဝင်မလာဖို့၊ တားဆီးဖို့တာဝန်ရှိတယ်။ ဒီလိုပဲ နိုင်ငံတော်ကို အကျိုးပြုမယ့် ကိုယ့်နိုင်ငံသားတွေ ဝင်လာရင်လည်း ချောချောမွေ့မွေ့နဲ့ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးဖို့တာဝန်ရှိတယ်။ ဒါကြောင့် တံခါးမှူးလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်လို့ ဌာနက အင်မတန်အရေးကြီးတဲ့ ဌာနတစ်ခုဖြစ်တယ်။ နိုင်ငံကို ဝင်လာမယ်ဆိုရင် နယ်စပ်တံခါးတွေမှာ အားလုံးကို စောင့်ရှောက်ထားတယ်။ မြန်မာနိုင်ငံထဲကို တရားမဝင် ဝင်ရောက်လာတဲ့ မည်သည့်နိုင်ငံခြားသားကိုမဆို ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ ဥပဒေအရ ဒီဟာတွေကို ဖောက်ဖျက်တယ်ဆိုရင် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိတယ်။ သက်ာမကင်းဘူး၊ နောက်ပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေကို ကျူးလွန်တယ်လို့ယူဆရင် ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိတယ် ။ ပြစ်ဒဏ်အနေနဲ့ အနည်းဆုံး ထောင်ဒဏ် (၆)လကနေ (၅)နှစ်အထိ သို့မဟုတ် ဒဏ်ငွေ ၁၅၀၀ နှစ်ရပ်လုံးကို ကျခံစေရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။



လှိုင်သာယာမြို့နယ်ရှိ Natural အထည်ချုပ်စက်ရုံ၌ အလုပ်သမားရေးရာကိစ္စများကို မေ ၁၄ ရက်က ဆွေးနွေးကြစဉ်။

**ဦးမျိုးအောင်**
**အလုပ်သမားရေးရာဆိုင်ရာ**
**အမြဲတမ်းအတွင်းဝန်**

ဒီ ရက် ၁၀၀ စီမံကိန်းထဲမှာ အဓိကအားဖြင့် အလုပ်သမားတွေနဲ့ပတ်သက်တဲ့ အချက်တွေ MRC ရုံးဖွင့်မယ်ပေါ့။ MRC ရုံးဆိုတာက တကယ်တမ်းကျတော့ သူတို့အတွက် သတင်းအချက်အလက်တွေ ပေးနိုင်တယ်။ တချို့မိဘတွေက ပြည်ပကိုရောက်နေတဲ့ သူတို့ရဲ့သားသမီးတွေကို ဆက်သွယ်ချင်တယ်ဆိုရင် ဘယ်လိုဆက်သွယ်ရမှန်းမသိကြဘူး။ အခု တကယ်လိုအပ်နေတဲ့ ဇရာဝတီနဲ့ ရခိုင်လို နေရာမျိုးမှာဖွင့်ပေးလိုက်တော့ တကယ်ကို အကျိုးရှိမှာပါ။ နောက် လုပ်သားကျွမ်းကျင်မှု သင်တန်းတွေနဲ့ပတ်သက်ပြီး ပေးမယ်ဆိုတဲ့ ကိစ္စမျိုးတွေကလည်း ကောင်းပါတယ်။ နောက် ဥပဒေတွေနဲ့ပတ်သက်ပြီး အသိပညာပေးဆွေးနွေးမှုတွေ လုပ်သွားမယ်ဆိုတာကလည်း ဒါလိုအပ်ချက်တစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံခြားသား အလုပ်သမားဥပဒေ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေပါ။

ဒီဥပဒေတွေက မြန်မာနိုင်ငံမှာ ဒီကာလက အလိုအပ်ဆုံးဥပဒေအဖြစ် ရောက်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြင်ပနိုင်ငံက လာပြီးတော့မှ အလုပ်လာလုပ်ချင်တဲ့ လူတွေဝင်နေပြီး ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ ပြဿနာအချို့တွေလည်း ထွက်တာတွေ ဒီလိုပြဿနာတွေရှိတယ်။ နောက် လုပ်သားကျွမ်းကျင်မှုဖိုရမ်တွေ လုပ်သွားမယ်။ နောက်တစ်ခု စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်နေတဲ့ ကလေးတွေကို လူဝင်မှုကြီးကြပ်ရေးနဲ့ ပေါင်းပြီး မှတ်ပုံတင်လုပ်ပေးသွားမယ်။ နဂိုက သူများမှတ်ပုံတင်နဲ့ အလုပ်လာလုပ်ကြတယ်။ တကယ်တမ်းခံစားခွင့်လည်းပေးရောစစ်လိုက်တော့ တခြားစီဖြစ်နေတာတွေ့ရတဲ့အတွက် ပြဿနာတက်နေတာတွေရှိတယ်။ အလုပ်သမားတွေကို ရက် ၁၀၀ အတွင်း မှတ်ပုံတင်မရသေးတဲ့သူတွေကို လုပ်ပေးမယ်။ အခုလိုဝန်ကြီးဌာန ပေါင်းစပ်လိုက်တော့ တကယ်ကို အားဖြစ်သွားစေတာပါ။ စက်ရုံအလုပ်ရုံတွေမှာ ဘေးအန္တရာယ်ကင်းရှင်းရေးစတဲ့အချက်တွေက အလုပ်သမားတွေရော၊ အလုပ်ရှင်တွေရောအတွက်ပါ ထိရောက်အကျိုးရှိစေမယ့်ကိစ္စတွေပဲ ဖြစ်ပါတယ်။

နိုင်ငံခြားသားအလုပ်သမားဥပဒေ(မူကြမ်း)က တော်တော်များများ ပြီးသွားပြီ။ ပြီးခဲ့တဲ့အစိုးရလက်ထက်ကတည်းက တင်ဖို့ကြိုးစားခဲ့တာ။ နောက်ပိုင်း ထပ်ဖြည့်တာတွေရှိတယ်။ ဝန်ကြီးဌာနအနေနဲ့ ထပ်ပြီးအသေးစိတ် ဆွေးနွေးနေတယ်။ ပြီးရင် အလုပ်ရှင်၊ အလုပ်ရှင်ဆိုတာ နိုင်ငံခြားသားကိုခေါ်ခိုင်းမယ့် လူတွေနဲ့ ဆွေးနွေးမယ်။ အတွေ့အကြုံရှိတဲ့လူတွေခေါ်မယ်။ ခေါ်ပြီးတော့မှ ဒါလေးကို ဆွေးနွေးပြီးတော့မှ လွှတ်တော်ကိုတင်ဖို့ ကြိုးစားနေပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးကလည်း တော်တော်များများပြီးပြီ။ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာလုပ်တာ နိုင်ငံတော်သမ္မတရုံးထိတောင်တင်ပြီးတဲ့အခြေအနေထိ ရောက်ပြီးပြီ။ ရက် ၁၀၀ အတွင်းမှာတော့ လွှတ်တော်ကို တင်ပြနိုင်ဖို့အတွက်တော့ ပြင်နေပါတယ်။

ကျွမ်းကျင်လုပ်သား မွေးထုတ်ရေးအတွက်က အပိုင်းနှစ်ပိုင်းပါတယ်။ တစ်ပိုင်းက လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်ရမယ်။ ကျွမ်းကျင်လုပ်သားကို မွေးထုတ်ရမယ်။ နောက်တစ်ခုက အာဆီယံအသိုက်အဝန်း (AEC) စတဲ့အခါမှာ အလုပ်သမားရေးရာဆိုင်ရာမှာ ကျွမ်းကျင်တဲ့အလုပ်သမားတွေဟာ အပြန်အလှန်သွားရောက်လုပ်နိုင်ရမယ် ဆိုပါတယ်။ ဒါတွေကို ဆောင်ရွက်နိုင်မှသာလျှင် ကိုယ့်နိုင်ငံက အခွင့်အရေးရမှာပါ။ ဒါကြောင့် အခွင့်အရေးကောင်းတွေရဖို့ အလုပ်သမားဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ရေးဆွဲခဲ့တယ်။ ရေးဆွဲပြီးတော့ ကျွမ်းကျင်မှုစံတွေနဲ့ ပတ်သက်တာတွေကို ရေးဆွဲတယ်။ ပြီးတဲ့အခါမှာ ဒီ ၁၇၃ မျိုးထဲကနေပြီးတော့မှ မြန်မာနိုင်ငံရဲ့ လိုအပ်တဲ့ အလုပ်အကိုင် ၂၅ မျိုးကို ရေးပြီးတော့ ကျွမ်းကျင်တဲ့ အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်အောင်လုပ်နေတယ်။ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်တဲ့အခါမှာ ကျွမ်းကျင်မှုရှိတာနဲ့ ကုန်ထုတ်စွမ်းအားက တက်လာမှာပဲ။ ကုန်ထုတ်စွမ်းအား တက်လာတာနဲ့အမျှ စီးပွားရေးလည်း ဖွံ့ဖြိုးလာမှာပဲ။ ဒီလိုဆက်သွယ်မှုတွေကို အလုပ်ရှင်တွေဘက်ကလည်း သိပါတယ်။ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုကိစ္စရပ်မှာဆိုရင် အလုပ်ရှင်တွေက ပူးပေါင်းပါဝင်ဖို့လိုတယ်။ အလုပ်သမားတွေကိုလည်း ကျွမ်းကျင်မှုရှိတဲ့ သင်တန်းတွေကို ပေးဖို့လိုပါတယ်။ ဒါကလည်း အရေးကြီးတယ်လို့ထင်ပါတယ်။

လူမှုဖူလုံရေးအဖွဲ့မှာ ဆေးရုံကြီးက သုံးခုရှိပါတယ်။ ဆေးခန်းတွေက ၉၄ ခန်းရှိပါတယ်။ နောက်တစ်ခါ ဌာနကြီးဆေးခန်းဆိုတာ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံတွေမှာရှိတဲ့ ဆေးခန်းတွေနဲ့ပေါင်းပြီး ဖွင့်လှစ်ထားတာပါ။ တိုင်းရင်းဆေးနဲ့ပတ်သက်လို့ ဆေးခန်းတစ်ခန်းလည်းရှိပါတယ်။

ဒါပေမယ့် တကယ်တမ်း လူမှုဖူလုံရေးအကျိုးထည့်ဝင်တဲ့ အလုပ်သမားတွေက တဖြည်းဖြည်းများလာတော့ အခုဆို ရှစ်သိန်းကျော်လောက်ရှိသွားပြီ။ ဆေးရုံ၊ ဆေးခန်းနည်းတဲ့အခါကျတော့ မလွှမ်းခြုံနိုင်ဘူး။ နည်းနေတာပါ။ ပုဂ္ဂလိကအနေနဲ့ ပေါင်းပြီးလုပ်တာက သုခမင်္ဂလာဆိုတဲ့ ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီနဲ့ ပူးပေါင်းလုပ်တာရှိတယ်။ ကဲဝဲလ်ဆိုတဲ့ဟာရှိမယ်။ သုခမင်္ဂလာနဲ့က ရန်ကုန်အလုပ်သမားဆေးရုံကြီးမှာ ခွဲစိတ်ခွဲခန်းတွေစပြီ။ တချို့နယ်တွေကို ရွေ့လျားဆေးကုသယာဉ်တွေနဲ့ ဆင်းပြီး ကျန်းမာရေးဆေးကုသပေးနေတာတွေ ဒါတွေကို လုပ်တယ်။ ကဲဝဲလ်လိုဆေးခန်းမျိုးနဲ့ဆို လှိုင်သာယာလို အလုပ်သမားထုများတဲ့ ဆေးခန်းနဲ့အတူ ပိုပြီးတော့လုပ်နိုင်အောင်၊ ကူညီပေးနိုင်အောင် လုပ်နေတာရှိတယ်။

နောက်လီယိုဆိုတဲ့ ကုမ္ပဏီတစ်ခုနဲ့လည်း ရွေ့လျားသွားပြီးတော့ ဆေးကုသတဲ့ယာဉ်ကြီးပါ။ ဒါတွေနဲ့ဆောင်ရွက်နေတာပါ။ အဓိကကတော့ ဆေးရုံ၊ ဆေးခန်းတွေ အပြည့်အဝမဖွင့်နိုင်တဲ့အတွက်ကြောင့် လူမှုဖူလုံရေးအာမခံကြေးပေးထားတဲ့ အလုပ်သမားတွေကို တတ်နိုင်သမျှ ကာကွယ်ပေးနိုင်ဖို့၊ ဆေးကုသခွင့်ပေးနိုင်ဖို့ တာဝန်ယူဆောင်ရွက်နေတာတွေရှိပါတယ်။

ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကြားမှာ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံအစိုးရတို့ကြားမှာ ပူးပေါင်းဆောင်ရွက်မှုဟာ တစ်စတစ်စ အရှိန်လည်းရပါတယ်။ တကယ့်ရလဒ်ကောင်းတွေ အများကြီးရလာပါတယ်။ အရင်တုန်းက အစည်းအဝေးတွေမှာ ပြောမယ်ဆို နှစ်နိုင်ငံအစည်းအဝေးတွေမှာ အကြိတ်အနယ်ဆွေးနွေးပြီး သဘောတူညီမှုမရတဲ့ အခြေအနေတွေရှိခဲ့ပါတယ်။ နောက်ပိုင်းမှာကျတော့ ကျွန်တော်တို့က အချက်အလက်တွေနဲ့ ပြောဆိုထောက်ပြတာမို့ ဒါတွေအပေါ်မှာ လက်ခံလာတယ်။

အခုဆိုရင် ပြုလုပ်ခဲ့တဲ့ ညှိနှိုင်းအစည်းအဝေးမှာ နိုင်ငံသားတွေအတွက် တကယ့်ကို ရလဒ်ကောင်းတွေရခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ လေးနှစ်ပြည့်ပြီးရင် မြန်မာပြည်ပြန်ပြီးမှ နောက်တစ်ကြိမ်ဝင်ရမယ်ဆိုတဲ့ဟာမှာ လေးနှစ်ပြည့်ပြီးတာပဲဖြစ်ဖြစ်၊ ခြောက်နှစ်ပြည့်တာပဲဖြစ်ဖြစ် ဆယ်နှစ်အထိ နှစ်တွေတိုးပြီး လုပ်ပေးသွားမယ်ဆိုတဲ့ ဒါမျိုးတွေလည်း သဘောတူခဲ့ကြတယ်။ နောက်တစ်ခါ အထောက်အထားမရှိလည်း မြန်မာအလုပ်သမားတွေကို ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်ကတ်ပြားတွေကို ထုတ်ပေးခဲ့တယ်။ တကယ်တမ်းကျတော့ ပြီးခဲ့တဲ့နှစ်တုန်းကလည်း ထုတ်ပေးတယ်။ ဒီကတ်ပြားကိုင်ထားရင် ဥပမာ-ဇန်ကောက်နေတဲ့သူက တောင်ပိုင်းသွားချင်ရင် သွားလို့မရဘူး။ ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာ ဒါတွေကိုလည်း သွားခွင့်ပြုပါလို့ တောင်းဆိုတဲ့အခါမှာ အခုထိုင်းနိုင်ငံအစိုးရက ကြေညာပြီ။ တရားဝင် ပြည်ထဲရေးဝန်ကြီးဌာနကနေ ခုနစ်ရက်သွားခွင့်ပြုတယ်လို့ပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ ထောက်ပြခဲ့တာက အလုပ်သမားတွေအတွက် တကယ့်ကို ကောင်းတဲ့အခွင့်အရေးတစ်ခုက ရက်ပေါင်း ၉၀ ပြည့်ရင် ထိုင်းလဝကမှာသွားပြီးတော့ သူရှိနေပါတယ်၊ အလုပ်လုပ်ပါတယ်လို့ သွားတင်ပြရတယ်။

အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြောခဲ့တာက သူများနိုင်ငံကိုလည်း ဘုမသိဘမသိရောက်လာတယ်။ ပြီးရင် ထိုင်းလဝကမှာသွားပြီး ရက်ပေါင်း ၉၀ မှာ သတင်းပို့ရတယ်ဆိုတဲ့ ကိစ္စရပ်က ဒါကလက်တွေ့နဲ့မဆိုင်ဘူး။ ပြဿနာကိုဖြစ်စေတယ်။ အဲဒီအချက်ကိုလည်း လျှော့ပေးတဲ့ ကိစ္စတွေပေါ့နော်။ ဒီနှစ်နိုင်ငံမှာ နောက်ဆုံးဆွေးနွေးပွဲကျတော့ တိုးတက်မှုက အများကြီးရှိလာတယ်။ တစ်ခုပဲရှိတယ်။ ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေကလည်း သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေနဲ့အညီ နေကြဖို့လိုပါတယ်။ တရားမဝင်မသွားဖို့ဆိုတာလည်း လိုပါတယ်။ တချို့နေရာတွေမှာလည်း အော်နေတာတွေရှိပါတယ်။ လုပ်ခလစာအပြည့်မရလို့ သူသတ်မှတ်တဲ့ ဘတ်ငွေ ၃၀၀ မရလို့ ထိုင်းနိုင်ငံနဲ့ပတ်သက်တဲ့ ဒီ Issue တွေက အများကြီး။

သူတို့ဖြေရှင်းတာ တရားဝင်အလုပ်သမား အထောက်အထားရှိခဲ့ရင် ဘတ် ၃၀၀ မရရင် အချိန်မရွေးတိုင်။ အရေးယူပေးမယ်ဆိုတာ ရှိခဲ့တယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဟာ ကောင်းတယ်။ အလုပ်သမားတွေရဲ့ အခွင့်အရေးဟာ အရင်ကထက်ပိုလာပါတယ်။ အချုပ်ပြောရရင်တော့ အလုပ်သမားတွေ တရားဝင်ဖြစ်ဖို့ တရားမဝင်ရောက်သွားရင်တောင် တရားဝင်ဖြစ်မယ့်လမ်းကြောင်းတွေ ပြန်လုပ်ပေးနေတယ်။ နောက်ပြီး ထိုင်း-မြန်မာနှစ်နိုင်ငံအကြား ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအလုပ်ခန့်ထားရေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးမှာ အတည်ပြုခဲ့ပြီးဖြစ်တဲ့ ထိုင်းဘုရင့်နိုင်ငံအစိုးရနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့အကြား အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)ကို နှစ်နိုင်ငံညှိနှိုင်းပြီး မေလ (သို့မဟုတ်) ဇွန်လအတွင်းမှာ လက်မှတ်ရေးထိုးဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။

အခုလိုဖြေကြားပေးတဲ့ ဝန်ကြီးနဲ့ အမြဲတမ်းအတွင်းဝန်တို့ကို ကျေးဇူးတင်ပါတယ်ရှင့်။ ။

# ရေဆင်း (၁၁) ပဲတီစိမ်းမျိုး တိုးချဲ့စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်



**ပုလဲ မေ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးနင်းကြီးစံပြကျေးရွာတွင် အိမ်ထောင်စု ငါးရာကျော်ရှိပြီး တောင်သူများအနေဖြင့် စပါး၊ ကုလားပဲ၊ နေကြာနှင့် နှမ်းတို့ကို အဓိကထားစိုက်ပျိုးခဲ့ရာမှ ယခုအခါ ကြက်သွန်နီ၊ ပဲတီစိမ်းပင်များ တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

တိုးချဲ့သီးနှံဖြစ်သည့် ရေဆင်း (၁၁) ပဲတီစိမ်းမျိုး တိုးချဲ့စိုက်ပျိုးမှုနှင့်ပတ်သက်၍ "ကျွန်တော်တို့ကျေးရွာမှာ စပါးအပြင် နေကြာ၊ ကုလားပဲ၊ နှမ်းဖြူ၊ နှမ်းနက်၊ ကြက်သွန်နီပြောင်း၊ ချည်မျှင်ရှည်ဝါသီးနှံများ စိုက်ကြသော်လည်း ပဲတီစိမ်းကို ဒီနှစ်မှစစိုက်ကြတယ်။ ပဲတီစိမ်းကို တစ်ရွာလုံးမှ သုံးလေးဦးပဲစိုက်ကြတယ်။ မစိုက်ရဲသူကများတယ်။ စိုက်နေကျမဟုတ်လို့ရှုံးမှာ စိုးရိမ်နေတယ်။ ကျွန်တော်လည်း ပဲတီစိမ်းသီးနှံအကြောင်း ဂဃနဏမသိသေးပေမယ့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲ၊ ကွင်းပြပွဲပြုလုပ်တဲ့နေရာကိုတော့ ရောက်အောင်သွားပြီး မိမိစိုက်လိုတဲ့ သီးနှံအကြောင်းတင်ပြပြီး နည်းပညာရအောင် ဆွေးနွေးခဲ့ဖူးတယ်။ အခြားဒေသတွေမှာစိုက်ပျိုးဖြစ်ထွန်းနေတာတွေ့ရလို့ ပိုမိုစိတ်ဝင်စားပြီး မျိုးစေ့ဝယ်စိုက်ဖြစ်ခဲ့တယ်။ စိုက်ပျိုးလယ်မြေနေရာဖြစ်တဲ့ ကွင်းအမှတ် (၉၆၄-ခ) မှာ လေးဧကစိုက်ခဲ့တယ်။ အစီဖိတ်ပိုးသတ်ဆေးကို တစ်ပတ်ခြားဖျန်းပေးတယ်။ မိုးအုံ့ရင်ပိုးကျတတ်လို့ ဆေးနှစ်မျိုးပက်ဖျန်းပေးဖို့ အရေးကြီးတယ်။ သီးလုံးတွေရင့်မှည့်ကာနီးချိန် ကြွက်ဖျက်ဆီးတတ်လို့ ကြွက်များကို နှိမ်နင်းပေးရတယ်။ အပင်သက်တမ်းအားဖြင့် စတင်စိုက်ပျိုးချိန်မှ ရက်ပေါင်းငါးဆယ်ပြည့်ရင် ပထမအကြိမ်သီးနှံများ စတင်ဆွတ်ခူးနိုင်တယ်။ ပဲတီစိမ်းစတင်ဆွတ်ခူးတဲ့ရက်အထိ ဆေးဖိုးက နှစ်သောင်းကျော်၊ ပဲတီစိမ်းလေးဧကစိုက်ကို ပဲတီစိမ်းမျိုးစေ့ ရှစ်ပြည်နှုန်းနဲ့ စိုက်မျိုးစေ့အတွက် ကုန်ကျငွေ ကျပ် ၁၇၅၀၀၊ ပထမအသီးဆွတ်ခရှစ်သောင်းခန့်ကုန်ကျခဲ့ပြီး လတ်တလောသီးနှံရရှိမှုနှုန်းထားအရ နှစ်တင်းဆံ့အိတ်တစ်လုံး ပဲတီစိမ်းသုံးပြည်နှုန်းနဲ့ အိတ် ၅၀ ကို ပဲတီစိမ်းကိုးတင်းကျော်ရမည်ဆိုပါက မရှုံးနိုင်ဘူးလို့ခန့်မှန်းထားတယ်။ လက်ရှိပဲတီစိမ်းဈေးနှုန်းက တစ်တင်းကျပ် ၃၂၀၀၀ ဈေးဖြစ်နေလို့ ပဲတီစိမ်းစိုက်ပျိုးမှုအတွက် လောလောဆယ်အရင်းအပြင် အမြတ်အနည်းငယ်ရရှိနေပြီ။ ထပ်မံဆွတ်ခူးမယ့်သီးနှံအထွက်နှုန်းကောင်းရင် အမြတ်များစွာရရှိမှာပါ" ဟု ကျေးနင်းကြီးကျေးရွာ ပဲတီစိမ်းစိုက်တောင်သူ ဦးသန်းထွန်းက ပြောသည်။

သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လာသော်လည်း ရိတ်သိမ်းပြီးသီးနှံများ အလွယ်တကူ သယ်ယူနိုင်ရန် မြောင်းလက်တံ (၉) အရှေ့ဘက်မြောင်းပေါင်အား လမ်းဖြစ်မြောင်းအဖြစ် အသုံးပြုနိုင်ရေး သက်ဆိုင်ရာဌာနအနေဖြင့် ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ၎င်းကဆက်လက်ပြောသည်။

ပုလဲမြို့နယ်ရှိ ဇေတီယျံသေတ္တရာ နားတော်လျှောက်၊ ကြောင်သန်းနှင့် ကျေးနင်းကြီးကျေးရွာပိုင် လယ်မြေများမှာ လွန်ခဲ့သောနှစ်များစွာကတည်းက မိုးကောင်းတောများဖြစ်သည်။ မိုးရွာသွန်းမှုပမာဏများမှသာ စပါးစိုက်ကြရသည်။ အချို့တောင်သူများက ရာသီဥတုကိုခန့်မှန်းပြီး စပါးမျိုးများကို မြေတွင်အခြောက်မြုပ်စိုက်ကြသည်။ အခြောက်မြုပ်ပြီး မိုးမရွာပါက ငှက်စာဖြစ်သွားသည့်အတွက် ပထမမျိုးစပါးအရှုံးထားစိုက်ကြရသည်။ စပါးအများဆုံးစိုက်ကြသည့် တောင်သူများမှာ ချဉ်ပစ်ဆည်အနီးပတ်ဝန်းကျင် လယ်မြေများသာ စပါးကို စိုက်ပျိုးနိုင်ကြသည်။

ယနေ့အချိန်အခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဆည်ရေသောက်လယ်ယာမြေ တိုးပွားလာစေရေး၊ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ရေးရည်ရွယ်ကာ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရေပေးဝေရေးမြောင်းများကို တာဝန်ယူဖောက်လုပ်ပေးခဲ့သည့်အတွက် ယခုအခါ ကျေးရွာတောင်သူများ၏ လယ်ယာမြေများ ဆည်ရေကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေစပြုလာပြီဖြစ်သည်။

တောင်သူများကလည်း စိုက်ပျိုးရေးလုပ်ငန်းကို အပြိုင်အဆိုင် လုပ်ကိုင်လာကြပြီး အချို့တောင်သူများက အခြားသီးနှံမျိုးများ တိုးချဲ့စိုက်ပျိုးလာကြသည်။ ပြီးခဲ့တဲ့နှစ်က ကြက်သွန်နီစိုက်တောင်သူများ အထွက်နှုန်းကောင်းကာ ဈေးကောင်းရ၍ အမြတ်များရရှိခဲ့သည်။ ယင်းကြောင့် စိုက်သူများလာသလို ပဲတီစိမ်းသီးနှံကိုလည်း မိုးမကျမီက စတင်တိုးချဲ့စိုက်ပျိုးနေကြောင်း ဒေသခံတောင်သူတစ်ဦးက ယခင်နှင့်ယခု တောင်သူလုပ်ငန်းအခြေနေကို နှိုင်းယှဉ်၍ ပြောခဲ့သည်။

**သမ်းထိုက်(ပြန်/ဆက်)**

## ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေးဗဟိုဌာနများဖွင့်လှစ်ထား

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center- MRC) များကို ဖွင့်လှစ်ရခြင်းမှာ ဒေသတွင်းအလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း၊ လုပ်ငန်းစဉ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ တရားဝင် ရွှေ့ပြောင်းသွားလာခြင်းအတွက် အဆင့်ဆင့်ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများ၊ ဖြစ်နိုင်ချေရှိသော ရွှေ့ပြောင်းအလုပ်သမားများ သိသင့်သိထိုက်သော သတင်းအချက်အလက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေး၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးစသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center - MRC) ကို ရွှေ့ပြောင်းသွားလာမှုအများဆုံးနေရာဒေသများဖြစ်သည့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်တို့တွင် (International Labour Organization - ILO) နှင့် ပူးပေါင်း၍လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် (International Organization for Migration- IOM) နှင့်ပူးပေါင်း၍လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင်လည်းကောင်း၊ ယင်းရုံးများနှင့် ပူးပေါင်း၍လည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

အဆိုပါ Center များတွင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသော အလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုများအား အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းစသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်လိုသောမြန်မာအလုပ်သမားများအနေဖြင့် သွားရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများ၏ဆက်သွယ်ရန် လိပ်စာများ**

၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်
အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၆၆၀၅၉၅၊

၂။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်
(၃၅)လမ်း၊ ရန်ကြီးအောင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း ၀၂-၂၁၁၅၀၊ ၀၉-၉၇၇၂၂၀၈၅၂၊

၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)မကွေးမြို့
အကွက်(၁၂)၊ အမှတ်(၉) စီတာပတ်ကွင်းလမ်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၃-၂၁၀၁၉၊

၄။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)ဘားအံမြို့
အမှတ်(၃) ရပ်ကွက်၊ ဗိုလ်တဲကုန်း၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ဖုန်း ၀၅၈-၂၁၁၀၆၊

၅။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မော်လမြိုင်မြို့
အမှတ်(၁၇)၊ ကျိုက်သာလန်ဘုရားလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ ဖုန်း ၀၅၇-၂၁၁၄၅၊

၆။ မော်ကွမ်းဒေသ ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ ခတ္တာလမ်း၊ မြို့သစ်ရပ်၊ ရပ်ကွက် (၃)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
ဖုန်း ၀၉-၄၉၀၃၃၄၂၃၊

၇။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မိတ္ထီလာမြို့
အောင်သုခလမ်း၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၆၄-၂၃၀၄၈၊ ၀၉-၉၇၇၂၂၀၈၅၃၊

၈။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြင်းခြံမြို့
အမှတ် (၁၉)၊ တိုးချဲ့ကွက်သစ်(ခ)၊ (၁၇၆/၁၇၇)၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၆၆-၃၀၄၈၈၊ ၀၉-၉၇၇၂၂၀၈၅၄၊

၉။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ကျောက်ဆည်မြို့
အောက်ချိုင်းရပ်၊ ဆူးကုန်းအုပ်စု၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း- ၀၆၆-၅၀၃၄၀၊ ၀၉-၉၇၇၂၂၀၈၅၅၊

၁၀။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ထားဝယ်မြို့
ဆိပ်ကမ်းသာလမ်း၊ ဆန်ချိုးမြို့သစ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၁၀၄၂၊ ၀၉-၉၇၇၂၂၀၈၅၁၊

၁၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမြို့
အမှတ် (၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
ဖုန်း- ၀၅၉-၅၀၂၂၃၊

**Complaints Mechanism Center**

ပြည်တွင်း/ပြည်ပတွင် လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် Complaints Mechanism Center ကို ၂၇-၆-၂၀၁၃ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း၊ ၃-၇-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်ပေးပြီး တိုင်ကြားလာသော အလုပ်သမားရေးရာကိစ္စများကို ၂၄နာရီ လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကူအညီတောင်းခံတိုင်ကြားနိုင်ပါသည်-

**နေပြည်တော်၊ Complaints Mechanism Center**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
ရုံးအမှတ်(၅၁)
ဖုန်း-၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄

**ရန်ကုန်၊ Complaints Mechanism Center**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး)၊
ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈/၁)၊
နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇

ကြေးမုံ
ဇွန် ၁၊ ၂၀၁၆

# လှိုင်သာယာမြို့ရှိ အနံ့ထွက်နေသည့် အမှိုက်ပုံများ ရှင်းလင်းပေးရန်လိုအပ်နေ



**လှိုင်သာယာ မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်သို့ ဆက်သွယ်ထားသည့် ဘုရင့်နောင်တံတားနှင့် အောင်ဇေယျ တံတားအကြား ဆိပ်ကမ်းသာလမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများရှိနေသောကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်ကြသူများအတွက် ရေရှည်တွင် လေထုညစ်ညမ်းကာ ကျန်းမာရေးကို ထိခိုက်လာနိုင်၍ ရှင်းလင်းရန် လိုအပ်နေကြောင်း အဆိုပါလမ်းမကြီးအနီး နေထိုင်သူများက ပြောသည်။

"ခွေးသေကောင်ပုပ်တွေလည်းပါတယ်။ အမှိုက်တွေက အစိုဖြစ်တာကြောင့် အနံ့မခံနိုင်ဘူး၊ ဒီအမှိုက်တွေရှိနေတာကို စည်ပင်သာယာကသိစေချင်တယ်။ ကျွန်တော်တို့ အနေနဲ့က ရေရှည်သိမ်းဆည်းဖို့ဆိုတာမဖြစ်နိုင်ဘူးလေ။ ကျွန်တော်တို့အနေနဲ့ ဒီလို လမ်းမကြီးမှာ အမှိုက်တွေညစ်ပတ်နေတာအမြန်ဆုံး လာရောက်သိမ်းဆည်းပေးစေချင်ပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

ယင်းဆိပ်ကမ်းသာ လမ်းမကြီးတစ်လျှောက်တွင် အုတ်ဖြင့်ပြုလုပ်ထားသော အမှိုက်ကန်ရှိသော်လည်း စွန့်ပစ်သူများက ကန်အတွင်းထိရောက်အောင် စွန့်ပစ်မှုများ မပြုလုပ်ဘဲ ကန်၏ နံဘေးတွင် ကပ်လျက်ပုံထားကြသည်များလည်းရှိကြောင်း သိရသည်။

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ထားသည့် အမှိုက်ပုံများမှာ လမ်းဘေးတစ်လျှောက်ရှိနေပြီး ပုံထားသည်မှာလည်း စည်းကမ်းတကျမရှိသည့်အပြင် အနံ့ပြင်းများထွက်နေသောကြောင့် သက်ဆိုင်ရာအနေဖြင့် ရှင်းလင်းရန်လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းတစ်လျှောက်ရှိ စည်းကမ်းမဲ့အမှိုက်များကို Riverfront GardenProject ကုမ္ပဏီအနေဖြင့်လည်း အမှိုက်သိမ်းယာဉ်ယန္တရားကြီးများဖြင့် နှစ်ကြိမ်တိုင်တိုင် မေတ္တာဖြင့် သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း ပုံမှန်လာရောက်စွန့်ပစ်မှုများကြောင့် အမှိုက်ပုံများ ပြန်လည်ဖြစ်လာကြောင်း သိရသည်။

**ရဲဝင်း**

## တိုက်နယ်ဆေးရုံ၊ မီးလင်းရေးနှင့် အထက်တန်းကျောင်းဖွင့်ပွဲသို့ ဝန်ကြီးချုပ်တက်ရောက်

**ဖြူး မေ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဝဲကြီးကျေးရွာအုပ်စုတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲ၊ လျှပ်စစ်မီးလင်းရေးနှင့် အထက်တန်းကျောင်း ပေ ၁၄၀× ၃၀ နှစ်ထပ် RC ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက ရှင်းလင်းတင်ပြပြီး ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် ဆေးရုံဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူတို့က ကျောင်းအုပ်ကြီးနှင့် ဆေးရုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌတို့ထံသို့ စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပြီး ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ ၌ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ခံ တစ်ဦးချင်းစီနှင့်မိတ်ဆက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က ဖြူးမြို့နယ်အခြေအနေနှင့် ရက် ၁၀၀ အတွင်းဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာများ၊ ကော်မတီအသီးသီးနှင့် ရပ်မိ၊ ရပ်ဖများ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖြူးမြို့နယ် (ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံသစ်ပေးအပ်လှူဒါန်း

**မကွေး မေ ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ သစ်ရာကောက်အုပ်စု ဝက်လူးစမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း စာသင်ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို မေ ၂၉ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။

အဆိုပါအဆောက်အအုံသစ် ပေးအပ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၊ မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးကျော်အေးတို့က အမှာစကားပြောကြားခဲ့ပြီး အလှူရှင်ဦးဇော်ကို+ဒေါ်ခင်သီတာအောင် မိသားစု 'အောင်ပဒေသာ'ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၂၁၆ သိန်းဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀၊ အုပ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ်ကြီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

စာသင်ကျောင်းဆောင်သစ် မဖွင့်မီက သစ်ရာကောက်ကျေးရွာသို့သွားရောက်၍ ပညာသင်ကြားခဲ့ရကြောင်း၊ ယခု စာသင်ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော် တို့ မူလတန်းပညာကို မိမိတို့ကျေးရွာ၌ပင် သင်ကြားနိုင်ပြီဖြစ်၍ဝမ်းသာပီတိဖြစ်ရကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**၅၈၀**

## မိုင်းငေါ့မြို့ မီးဘေးလုံခြုံရေးအတွက် မီးသတ်ယာဉ်တစ်စီး လှူဒါန်း

**ကျောက်မဲ မေ ၃၁**

ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့ မီးဘေးလုံခြုံရေးအတွက် ဒေါင်ဖန်း မီးသတ်ရေသယ်ယာဉ် တစ်စီး လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကိုမေ ၂၉ ရက် ညနေ ၅ နာရီက ကျောက်မဲမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလှူရှင်မိုင်းငေါ့မြို့နေ ဦးခင်မောင်ရွှေ-ဒေါ်နန်းညိုညိုမြတို့က ဒေါင်ဖန်းမီးသတ်ရေယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မိုင်းငေါ့မြို့အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောက်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မိုင်းငေါ့မြို့မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ မိုင်းငေါ့မြို့ အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် အလှူရှင်မိသားစုက မီးသတ်ရေယာဉ်အား အမွှေးနံ့သာရေ ပတ်ဖျန်းခဲ့ကြသည်။ ယင်းနောက် တပ်ဖွဲ့ဝင်များမှ မီးသတ်ယာဉ်ဖြင့် ရေပက်၍ စမ်းသပ်သရုပ်ပြခဲ့ကြသည်။

အဆိုပါမီးသတ်ရေယာဉ်မှာ တန်ဖိုးကျပ်သိန်း ၁၇၀ ဖြစ်ပြီးရေဂါလန် ၁၂၀၀ ဆံ့ဝင်သည့် ဒေါင်ဖန်းအမျိုးအစားမီးသတ်ရေယာဉ်ဖြစ်ကာ မိုင်းငေါ့မြို့ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်မှုရှိစေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်သည်။

မိုင်းငေါ့မြို့တွင် ယခင်က ရေဂါလန် ၈၀၀ ဆံ့ဒေါင်ဖန်းမီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် ရေဂါလန် ၁၄၀၀ ဆံ့ တီအီးမီးသတ်ရေသယ်ယာဉ်တစ်စီးတို့ရှိပြီး ယခုလှူဒါန်းသည့် မီးသတ်ရေယာဉ်နှင့်ဆိုပါက မီးသတ်ရေသယ်ယာဉ် သုံးစီးရှိနေပြီဖြစ်သောကြောင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

## ကျွန်းလှမြို့နယ်သမဝါယမအသင်းစုအရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ကျွန်းလှ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်သမဝါယမ အသင်းစု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မေ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဖြိုး၊ မြို့ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်အမာစိန်တို့က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမှုဆောင်ကော်မတီလုပ်ငန်းအစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းအားဖတ်ကြားပြီး တက်ရောက်လာကြသည့်အသင်းသားများက မရှင်းလင်းသည်တို့ကိုပြန်လည်ဆွေးနွေး၍ သဘာပတိက အသင်းကိုယ်စားလှယ်များ ဆန္ဒရယူအတည်ပြုကာနိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မူလတန်းကျောင်းအဆင့်တိုးမြှင့်၊ ကျေးရွာလေဘေးသင့်ပြည်သူများအား နိုင်ငံတော်ထောက်ပံ့ငွေများလက်ရောက်ပေးအပ်

**မိုးနဲ မေ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း ) လင်းခေးခရိုင် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုက်ဖယ်ရွာသစ်တင်တပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲမှ မူလတန်းကျောင်း အဆင့်သို့တိုးမြှင့်ပေးအပ်ခြင်းနှင့် လေဘေးသင့်အိမ်ထောင်စုများအား နိုင်ငံတော်ထောက်ပံ့ငွေ လက်ရောက်ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲ၂ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ မြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့် ကျေးရွာတာဝန်ခံ ဦးစိုင်းအိုက်ထွန်းတို့က အခြေခံပညာမူလတန်းကျောင်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဧပြီ ၂၉ ရက်မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော လေဘေးသင့်အိမ်ထောင်စု ၁၉ စုကို နိုင်ငံတော်မှ ထောက်ပံ့သော အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ရောက်ပေးအပ်ခဲ့ရာ အိမ်ထောင်စုဝင်များက လက်ခံရယူခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးကြိုကာလ ကျေးလက်ဒေသများ၌ အင်ဖက် ဈေးနှုန်းမြင့်တက်



**ရေတာရှည် မေ ၃၁**

ကျေးလက်ဒေသအနှံ့အပြားတွင် ယခင်က သက်ငယ်၊ အင်ဖက်များကို အသုံးပြုကာ လူနေအိမ် အမိုးအဖြစ်အသုံးပြုခဲ့ကြသော်လည်း တိုးတက်ပြောင်းလဲမှုနှင့်အတူ သွပ်ပြားများကိုသာ ပြောင်းလဲ၍ အသုံးပြုလာကြသည်။

သို့သော်လည်း ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများနှင့် သွပ်မိုးရန်မတတ်နိုင်ကြသူများအတွက် သဘာဝသစ်တောကြိုးဝိုင်းဒေသများမှ ထွက်ရှိသည့် အင်ဖက်နှင့် သက်ငယ်ကြီး၊ ကြံဖက်သက်ငယ်တို့ကိုဝယ်ယူသုံးစွဲကြသည့်အနက် အအေးဓာတ်ရသည့် အင်ဖက်ကို ဝယ်ယူသုံးစွဲသူများပြားကာ လက်ရှိအင်ဖက်သက်ငယ် ပျစ်ရေ ၁၀၀ လျှင် ကျပ် ၈၀၀၀ ဈေးဖြင့် ဝယ်ယူမှုများရှိနေကြောင်းသိရသည်။

"ကြိုတင်ငွေ ပေးထားတဲ့သူတွေကိုတော့ ကျပ် ၅၀၀၀ ဈေးပေါ့။ ခုမှဝယ်တဲ့သူတွေကတော့ ကျပ် ၈၀၀၀ ဈေးဖြစ်သွားပြီ။ အရင်လိုလည်း များများမရနိုင်တော့ဘူး။ အင်ဖက်ကောက်သူက နည်းသွားတာလည်းပါတာပေါ့။ အခြားစီးပွားရေးလုပ်ငန်းတွေကို ပြောင်းကုန်တော့ အင်ဖက်သက်ငယ် ဒီနှစ်မှာ ရှားမဲ့သဘောရှိတယ်" ဟု ဉယျာဉ်မှူး ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

တန်ခူးနှင့် ကဆုန်လများတွင် ရှေ့ပြေးမိုးရွာသွန်းမှုများမတိုင်မီယခုကတည်းက နေအိမ်အမိုးလုံခြုံရေးအတွက် စတင်ဝယ်ယူမှုများရှိပြီး သက်ငယ်တံဝါးဈေးနှုန်းမြင့်တက်ခြင်းနှင့် သယ်ယူခမြင့်တက်ခြင်းတို့ကြောင့်လက်ရှိသက်ငယ် ၁၀၀ လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်အထိ မြင့်တက်လျက်ရှိကြောင်းသိရသည်။

**(၅၇၈)**

ဖတ်စရာ

# တာဝန်ကျေပွန်ခြင်းများဖြင့် ရှင်သန်ပါ

ခ သရက်တန်းစိုးရွှေ(စိတ်ပညာ)

လူသားပီသသော လူတစ်ဦးအဖြစ် လူတိုင်းမားမားမတ်မတ် ရပ်တည်လိုကြပေသည်။ လူတစ်ဦးအဖြစ်ရပ်တည်ရန် အရေးကြီးသောအရာတစ်ခုကို ပြုလုပ်ပေးရပေမည်။ ထိုတစ်ခုမှာ ကိုယ့်တာဝန်ကိုယ် ကျေပွန်ပေးဖို့သာလျှင်ဖြစ်ပေသည်။

လူသားတိုင်းတွင် တာဝန်ကိုယ်စီရှိနေကြပေသည်။ မိဘတာဝန်၊ဆရာတာဝန်၊ မိတ်ဆွေတာဝန်၊ ဆွေမျိုးတာဝန်၊ အလုပ်တာဝန်၊ တိုင်းပြည်၏တာဝန်မှအစ လူသားတိုင်း တာဝန်မကင်းကြပါချေ။ ထိုမကင်းသောတာဝန်ကို ကျေပွန်သမျှ လူသားပီသနေမည်ဖြစ်သည်။

လူ့လောကက အထီးကျန်ကာ၊ အကျည်းတန်စေသောအရာမှာ ကိုယ့်တာဝန်ကို မကျေပွန်ခြင်းပင်ဖြစ်ပေသည်။ တာဝန်မကျေသူ၊ တာဝန်မသိသူများလာသမျှ စည်းကမ်းပျက်ကာ ပျက်စီးသွားတတ်ကြမြဲပင် ဖြစ်ပေသည်။ တာဝန်ကို တာဝန်မှန်းမသိသမျှ လူသားမပီသဟုပင် ဆိုနိုင်ပါပေသည်။

တာဝန်ကျေပွန်သူအား လူတို့ကချစ်ခင်တတ်ကြမြဲပင်ဖြစ်ပေသည်။ တာဝန်သိသူ၊ တာဝန်ကျေပွန်သူတို့တွင် တွဲဖက်ပါလာသော အရည်အချင်းတစ်ခုမှာ အနစ်နာခံတတ်ခြင်းပင် ဖြစ်ပေသည်။

တာဝန်ကျေပွန်သူတိုင်း၊ အနစ်နာခံကာ လုပ်ကိုင်သူတိုင်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ရှိတတ်ကြပေသည်။ ယုံမှုကြည်၊ ကြည်မှုကောင်း၊ အကြောင်းကောင်းမှ အကျိုးက လှနေမည် ဖြစ်ပေသည်။

ယုံကြည်မှုဆိုသည်မှာ လူသားပီသမှုကိုပြသသည့် လက်တွေ့နည်းဖြစ်သလိုပင် တိုးတက်မြင့်မားတဲ့ဘဝ တစ်ခုကို တည်ဆောက်ရေးအတွက် အဓိကကျသောအရာ တစ်ခုပင်ဖြစ်သည်။

ယုံကြည်မှုနှင့်ပက်သက်၍ နပိုလီယံဟီးလ် ပြောဆိုထားသော စကားတစ်ခုရှိပေသည်။ လူသားတို့၏ တိုးတက်မှုသည် မတော်တဆဖြစ်ပေါ်လာခြင်း မဟုတ်၊ အသုံးချယုံကြည်မှု၏ ရလဒ်ကြောင့်ဖြစ်သည်ဟူ၍ပင်ဖြစ်ပေသည်။ ယုံကြည်မှုရှိလေ လူပီသလေဖြစ်ပေသည်။ တာဝန်ကျေပွန်လေ လူပီသလေပင်ဖြစ်ပေသည်။

ယုံကြည်မှုတိုင်းသည် အလုပ်နဲ့ပေါင်းစပ်နိုင်မှ ခိုင်မြဲပင်ဖြစ်ပေသည်။ ယုံကြည်မှုသက်သက်ဖြင့်သာနေထိုင်ရင်း ဘာမျှမလုပ်သမျှ ဘာမျှဖြစ်လာမည်မဟုတ်ပါချေ။

မှတ်သားမိသောစကားတစ်ခုအရ ဆိုရပါမူ လူတိုင်းလူတိုင်းလက်ရှိအဆင့်အတန်းနှင့် စိတ်သဘောထားများသည် သူတွေးတောကြံဆလုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အလေ့အထအတိုင်းဖြစ်နေတတ်ပါသည်ဟုပင် ဆိုထားခဲ့ပေသည်။

လူတစ်ယောက်ရဲ့ ဘဝရှေ့ရေးဟာ သူ့ရဲ့ ပြုမူနေထိုင်သည့် အလေ့အထအတိုင်း ခံစားခွင့်ရှိသည်ဟုပင် ဘဝဒဿနဆရာတို့က ဆိုထားခဲ့ကြပေသည်။

လူသားတိုင်းတာဝန်ကျေ၊ တာဝန်သိခြင်းနှင့်အတူ တွဲဖက်ဆောင်ယူရမည့်အရာမှာ စည်းကမ်းရှိခြင်းသာလျှင်ဖြစ်ပေသည်။ စည်းကမ်းရှိ၊ နည်းလမ်းသိပါမှ ဘဝကအောင်မြင်မှုကို ဆုပ်ကိုင်နိုင်မည်ဖြစ်ပေသည်။ စည်းကမ်းနည်းလမ်းနှင့် ဘဝကိုရင်ဆိုင် ရုန်းကန်သူအတွက် လောကဓံ၏ဒဏ်ချက်ကို ခံနိုင်ရည်ရှိလာတတ်ကြပေသည်။ လောကဓံတရားကို ရဲရဲရင်ဆိုင်နိုင်ရေးအတွက် အဆောင်မှာ အကောင်းမြင်စိတ်ထားပင်ဖြစ်ပေသည်။

စိတ်ထားကောင်းမှ အမြင်ကောင်းတို့ဖြင့် လှပနိုင်မည်ဖြစ်ပေသည်။ လူတစ်ယောက်အတွက် အရေးကြီးသောအချက်မှာ ခံယူမှုသဘောထားပင်ဖြစ်ပေသည်။ ဆင်းရဲခြင်းကို စွဲမြဲနေသူမှာ ဆင်းရဲခြင်းကို သတိမူစိတ်နှင့် ဆင်းရဲသောအကြောင်းပြောကာ တွေးတောပူပန်တတ်သော အလေ့အထကြောင့်ပင် ဖြစ်သည်ဟု ဆိုထားခဲ့ပေသည်။

အသုံးချစရာအတွက် လူတိုင်းနှင့်အနီးကပ်ရှိနေသောအရာမှာ မိမိစိတ်ကို အသုံးချသော အတတ်ပညာသာလျှင်ဖြစ်ပေသည်။

သို့အတွက် တိုးတက်လိုသူတိုင်း တိုးတက်သော အလုပ်တို့ကိုလုပ်ကိုင်ရေး ကိုယ်တိုင်အမိန့်ပေးကြပေမည်။ တိုးတက်သောလူဖြစ်ရေး တာဝန်ကျေပေးဖို့ လိုအပ်လှပါပေသည်။

## ဆွာမြို့ဗီဇိတဒါန ဆေးကုသရေးအဖွဲ့က ကျေးရွာများအရောက် ဆေးကုသပေးခြင်းများအခမဲ့ကွင်းဆင်းကုသ

**ရေတာရှည် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တွင် ဖွင့်လှစ်ထားသော ဗီဇိတဒါနဆေးကုသခန်းမှ ဆရာဝန်များ၊ သူနာပြုများ၊ သွေးလှူရှင်အဖွဲ့နှင့် အကျိုးတော်ဆောင်အဖွဲ့များ ပါဝင်သော အဖွဲ့သည် မေ ၃၀ ရက်၊ နံနက်ပိုင်းက သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆင်းရဲနွမ်းပါးသူများ၊ ကျန်းမာရေးမကောင်းသူများအား အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးဝါးများဖြင့် ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ဒေသက မြို့နဲ့လှမ်းတော့ တော်ရုံတန်ရုံသွားလာရတာမလွယ်ဘူး၊ ဆိုင်ကယ်ကယ်ရီ ငှားသွားရင်တောင် ကျပ် ၃၀၀၀ လောက်ကုန်တာ။ အခုလို ဆရာဝန်၊ ဆရာမတွေနဲ့ အခမဲ့လာရောက်ကုသပေးတဲ့အတွက် အများကြီးဝမ်းသာတယ်။ ကျေးဇူးတင်ပါတယ်" ဟု ဥယျာဉ်မှူးကျေးရွာ ရပ်မိ၊ရပ်ဖတစ်ဦးက ပြောသည်။

ယင်းနေ့က ဒေါက်တာ မောင်မောင်ထွေး ဦးစီးသောဆရာဝန်သုံးဦးနှင့် သူနာပြုအဖွဲ့၊ တိုင်းရင်းဆေး ကုသရေးအဖွဲ့တို့ပူးပေါင်းကုသပေးရာတွင် သိုင်းဝကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်မှူး၊ ကျွန်းပင်ဆိပ်၊ အရှေ့ကုန်း၊ ဗောင်တုတ်၊ တုံးကြီး၊ ကျွန်းတောစု၊ တမဆယ် ကျေးရွာတို့မှ ဒေသခံ ပြည်သူ ၂၃၀ ကျော်လာရောက်ပြသကုသပေးခဲ့သည်။

ကိုလွင်(ဆွာ)

## ကလေးတက္ကသိုလ်၌ ရေပြတ်လပ်နေ၍ ကျောင်းဖွင့်ချိန်အမီ ဆောင်ရွက်ရန်လိုအပ်

**ကလေး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ၁၉၉၃ ခုနှစ်မှစတင်၍ ကလေးကောလိပ်အဖြစ်မှ စတင်ဖွင့်လှစ်ခဲ့သော ယခု ကလေးတက္ကသိုလ်တွင် ယခုမေလဆန်းမှစတင်၍ ရေပြတ်လပ်မှု ကြီးမားစွာဖြစ်ပေါ်လျက်ရှိရာအမြန်ဆုံး သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ယင်းတက္ကသိုလ်မှ ဆရာဦးအောင်ဆန်းက ပြောသည်။

"ကျွန်တော်တို့တက္ကသိုလ်မှာ သောက်သုံးရေပြတ်လပ်နေတာကြာပါပြီ၊ ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေရှင်းနေကြရတယ်။ မိုးရေရရင် မိုးရေနှင့် ချက်ပြုတ်ရတယ်။ ဆရာ၊ ဆရာမတွေလည်း ကျောက်တစ်လုံးချောင်းသွားပြီး ရေချိုးအဝတ်လျှော်နေကြရတယ်။ မသွားနိုင်တဲ့ ဆရာဆရာမတွေဆိုရင် ရေသန့်ဘူးကြီးတွေဝယ်ပြီး ရေချိုး၊ အိမ်သာထဲထည့်လုပ်နေကြရတယ်။ ဒီဖက်မှာ ရေပေးတယ်ဆိုတာကလည်း ရွှံ့နွံရေတွေပေးနေတယ်" ဟုတက္ကသိုလ်မှ ဆရာမတစ်ဦးက ပြောသည်။

ကလေးဒေသတွင် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံပြီးနောက် ကလေးတက္ကသိုလ်အပါအဝင်၊ မွန်းလိုင်၊ ကြို့သုံးပင်၊ စက်မှုဇုန်၊ ကိုးမိုင်စသည့်ရပ်ကွက်များတွင် ရေခန်းခြောက်ပြီး ရေပြတ်လပ်မှုများ အကြီးအကျယ် ဖြစ်ပေါ်လျက်ရှိသည်။ ကလေးတက္ကသိုလ်အပါအဝင် ရပ်ကွက်များကို ယခင်နှစ်များက ဆည်ခံ၍ ရေပေးဝေလျက်ရှိရာ ရေကြီးရေလျှံမှုကြောင့် ဆည်ပျက်စီးသွားပြီး ရေပေးဝေမှု ရပ်ဆိုင်းခဲ့သည်။ ယခုအခါ သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက မြေအောက်ရေရရှိရေး ဆောင်ရွက်နေသော်လည်း ယနေ့အထိ ရေမရသည့်အတွက် အခက်ကြုံနေရကြောင်း တက္ကသိုလ်မှ ဆရာအောင်က ပြောသည်။

"ကျွန်တော်တို့ကျေးလက်က တိုင်းအစီအစဉ်နှင့် မြေအောက်ရေရရှိရေး ဆောင်ရွက်နေပါတယ်။ အခုအခါမြေတူးစက်မှာ ချိန်းတစ်ခုပြတ်သွားတဲ့အတွက် အောက်ပိုင်းကို မှာထားပါတယ်။ အချိန်နည်းနည်းယူရပါမယ်၊ ရှားပါးပစ္စည်းဖြစ်နေပါတယ်" ဟု မြေအောက်ရေရရှိရေး ဆောင်ရွက်နေသည့် အင်ဂျင်နီယာက ပြောသည်။

"ကျောင်းသားတွေ ရောက်လာရင်တက္ကသိုလ်ဝင်းထဲမှာ လူဦးရေ ထောင်ချီရှိလာမယ်။ သူတို့အတွက် သောက်ရေ၊ သုံးရေ၊ ချိုးရေ အမြန်ဆုံးရဖို့လိုအပ်ပါတယ်။ တက္ကသိုလ်ဝင်းထဲမှာ ရေပြတ်နေ တာအခုဆိုရင် ၁၂ ရက်ရှိ နေပါပြီ။ ကျွန်မတို့ တက္ကသိုလ်ထဲမှာ ရေတော့မရဘူး။ ရေပိုက်တွေမှာ ရေမီတာတွေလာတပ်ထားတယ်" ဟု တက္ကသိုလ်ဆရာမတစ်ဦးကပြောသည်။

မေ ၂၉ ရက်မှစတင်၍ တက္ကသိုလ်နှင့်ရေပြတ်လပ်နေသည့်နေရာများသို့ ကလေးမြို့အခြေစိုက် ပရဟိတအဖွဲ့များက ရေများလာရောက်လှူဒါန်းနေပြီး ကလေးတက္ကသိုလ်၌ အမြဲတမ်းနေသည့် မိသားစု ၂၀၀ တွင် လူဦးရေ ၅၀၀ ရှိသည်။

ပန်းချယ်ရီ(ကလေး)

## ကင်းစံပြကျေးရွာ မဟာဓမ္မပါလဓမ္မစကူးစင်တာတွင် သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ နှုတ်ဖြေစာမေးပွဲကျင်းပ

**ကနီ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းစံပြကျေးရွာ သိမ်းကုန်းကကျောင်း၌ ဖွင့်လှစ်ထားသော မဟာဓမ္မစကူးစင်တာတွင် သုတစုံလင် ဗုဒ္ဓဝင်နှုတ်ဖြေစာမေးပွဲ ကို မေ ၂၉ ရက်က အဆိုပါ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မဟာဓမ္မစကူးစင်တာတွင် ကင်းကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများကို တနင်္ဂနွေနေ့တိုင်းသင်ကြားခြင်းနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် မျိုင်း၊ မြောင်းကုန်း၊ ကုန်းသာ၊ ရေသာရွာမ၊ နံစုနှင့် ကျောက်တန်းကျေးရွာများမှ ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းများတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ရေးဖြေစာမေးပွဲကို မိမိတို့ကင်းကျေးရွာတွင် စာဖြေစင်တာရရှိကာ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိခဲ့ပြီး ယခု လူတွေ့နှုတ်ဖြေကို ပရိဂျက်တာများထိုး၍ ကျောင်းသား၊ ကျောင်းသူများက ဆရာတော်များနှင့် ဆရာ၊ ဆရာမ၊ လူပရိသတ်ရှေ့တွင် လက်တွေ့ဖြေဆိုခြင်းဖြစ်ပါတယ်" ဟု သင်တန်းနည်းပြတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်စာစစ်ဌာန ၁၁ ခုရှိပြီး ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် စာစစ်ဌာနစင်တာကို ယခုနှစ်တွင် စတင်ရရှိပြီး ကျွန်တော်တို့ ကင်းကျေးရွာ မဟာဓမ္မပါလ ဓမ္မစကူးစင်တာနှင့် ရွှေဘိုခရိုင်မှ သမရိုးကျေးရွာတို့တွင် ဖြေဆိုခွင့်ရရှိပါတယ်" ဟု ယင်းမှ ဆက်လက်ပြောသည်။

ယင်းသင်တန်းသည် ကျောင်းသား၊ ကျောင်းသူလေးများ ဗုဒ္ဓဘာသာကို ငယ်ရွယ်စဉ်ကပင် သိရှိနိုင်ပြီး သက်ဝင်ယုံကြည်မှုများရရှိသည့် သင်တန်းဖြစ်ခြင်းကြောင့် မြို့နယ်တိုင်း၊ ကျေးရွာတိုင်း ဖွင့်လှစ်သင်ကြားကြစေလိုကြောင်း သင်တန်းနည်းပြတစ်ဦးက ပြောသည်။

သန်းငွေအောင်(ကနီ)



**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း မိုးရာသီလျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးကျောက်တန်းမြို့ပြင်ပ ဖီဒါ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်း၊သစ်ပင်များကိုမြို့နယ်လျှပ်စစ်မန်နေဂျာဦးကြည်သာစိုးနှင့် ဝန်ထမ်းများက မေ ၂၈ ရက်တွင် ကျောက်တန်းမြို့အဝင်မုခ်ဦးမှ ရွှေပြောက်ကျေးရွာအုပ်စု အဒ္ဓတ္တောကျေးရွာအထိ ရှင်းလင်းဆောင်ရွက်ခဲ့သည်။**သတင်းနှင့်ဓာတ်ပုံ-အောင်ဆွေ-ရွှေတံတား

## မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး ကွင်းဆင်းဆွေးနွေး

**မိုးကုတ် မေ ၃၁**

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုလာမည့် ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ကျေးရွာများသို့လည်း စီမံကိန်းနှင့် ပတ်သက်၍ ကြိုတင်ကွင်းဆင်းမှုများ ဆောင်ရွက်လျက်ရှိရာ မိုကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့်အဖွဲ့က မေ ၂၉ ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံချက်ဝင် လီရှောကျောက်ပုံကျေးရွာသို့ သွားရောက်ခဲ့ပြီး မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်၍ သွားရောက်ဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းက မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်၍ လျာထားဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆိုင်ရာများအကြောင်း သိကောင်းစရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးတွက် အသိပညာပေး ဟောပြောခဲ့သည်။ ယင်းနောက် ကျေးရွာနေ ပြည်သူများက သိရှိလိုသည်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ယနေ့အချိန်အထိ ကျေးရွာ ၁၆ ရွာမှ ကျေးရွာနေပြည်သူ ၁၁၈၂ ဦးအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၈၀ ထုတ်ချေးကာ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ ကိုယ်ပိုင်စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ အဆင်ပြေလည်ပတ်နိုင်စေရေးအတွက် တဖက်တစ်လမ်းမှ ကူညီပေးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ကျေးရွာ ၁၀ ရွာအား ပံ့ပိုးကူညီမှုပေးနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နေဝါ(မိုးကုတ်)




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အသုံးပြုရန်အတွက် လိုအပ်သော Computer, Printer, Scanner, Projector, Copierများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၀-၅-၂၀၁၆ရက်
တင်ဒါပိတ်မည့်အချိန် - ၁၅-၆-၂၀၁၆ရက်၊ (၁၅:၀၀)နာရီ


တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၉၇**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြဲမြဲ ဆိုင်တိုင်းတွင်ရပြီး တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်၊ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဇွန်လ (၄/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်၊
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**အမည်ပြောင်း**
ဖျာပုံမြို့၊ အထက(၂)၊ ပဉ္စမတန်းမှ ဦးလှမျိုး [၁၄/ဖပန(နိုင်)၁၀၅၃၅၀]၏သမီး မတင်မာခိုင်အား မနှင်းနန္ဒာအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မနှင်းနန္ဒာအောင်**




ဇွန်လ ၁ ရက်နေ့၊ မြန်မာနိုင်ငံမှာကျင်းပပြုလုပ်မည့် World Milk Day တွင်ပါဝင်ဆင်နွှဲကြရန် FrieslandCampina မှ အားလုံးကို ဖိတ်ကြားအပ်ပါသည်။ ကလေးငယ် ကျန်းမာသန်စွမ်းစွာကြီးပြင်းလာကြစေရန် မရှိမဖြစ်လိုအပ်သော အာဟာရများကို နို့မှရရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၌ လုပ်ငန်းစတင်ချိန်မှစ၍ Dutch Lady သည် ကလေးငယ်များနှင့် မိသားစုများကို နို့၏ ကျန်းမာရေးအတွက်အရေးပါပုံအကြောင်း အသိပညာပေးလာခဲ့ပါသည်။ ကလေးငယ်များ ကိုယ်ရောစိတ်ပါကျန်းမာဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အာဟာရနှင့် ကိုယ်လက်လှုပ်ရှားဆော့ကစားခြင်းများသည် World Milk Day ၏အဓိကဦးစားပေးဖြစ်ပါသည်။ ယနေ့တွင် ဒတ်ချ်လေဒီနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတို့သည် ကလေးများနှင့် ဘောလုံးအတူတူလေ့ကျင့်ရင်း နို့နှင့် ကိုယ်လက်လှုပ်ရှားခြင်းတို့၏ အထူးအရေးပါမှုများကိုပြသသွားပါသည်။ ကြွက်သားများတည်ဆောက် ထိန်းသိမ်းရေးအတွက် အရေးပါသည့် ပရိုတိန်း၊ အရိုးများကိုသန်မာစေသည့် ကယ်လ်စီယမ်၊ ခန္ဓာကိုယ်အတွက် ခွန်အားဖြစ်စေသည့် ဗီတာမင် $B_1$ နဲ့ $B_{12}$ တို့ ကြွယ်ဝစွာပါဝင်သည့်နို့ကို သဘာဝအာဟာရ အရင်းအမြစ်အဖြစ်ဂုဏ်ပြုသည့်အနေဖြင့် တစ်ကမ္ဘာလုံးတွင် World Milk Day ကိုကျင်းပကြခြင်းဖြစ်ပါသည်။ ဒတ်ချ်လေဒီ၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/dutchladymm မှာ World Milk Day အစီအစဉ်အသေးစိတ်ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နိုင်မြဲကြံ့ခိုင်သောမိသားစုများကို
၁၈၇၁ ခုနှစ်ကတည်းက တည်ဆောက်ပေးနေခဲ့ပါသည်။







မြေညီထပ် တိုက်ခန်းကျယ်ငှားမည်/ရောင်းမည်
စမ်းချောင်း၊ ဇလွန်လမ်း၊ မြေညီ၊ ပေ (၂၅×၅၀)၊ ထပ်ခိုးပါ၊ 1MBR၊ 1BR၊ 2AC၊ 2ဘိုထိုင်၊ အပေါ်ထပ် ကိုရီးယားပါကေးခင်း၊ အောက်ထပ် ကြွေခင်း၊ ကြွေကပ်၊
ငှား - ညှိနှိုင်း၊ ရောင်းဈေး- သိန်း ၂၆၀၀
ဖုန်း- ၀၉၂၅၀၃၇၃၄၉၈၊ ၀၉၄၅၀၂၆၉၀၀၄

အခမဲ့ကုပေးမည်
ဆေးမတိုး/ကုမရ
ရောဂါသိုးနေလျှင်
ဖုန်း-09 261186511 ကို
အမြန်ဆက်သွယ်ပါ။

ဘတ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
ရောင်းမည်
၁။ ၅၅'×၇၀'(မ/၃)(ဆေး-၂)
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀' ဖြိုဟ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196

ပြင်ဆင်ဖတ်ရှုပါရန်
၇-၄-၂၀၁၆ရက်ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ ကန့်ကွက်နိုင်ကြောင်း ဒေါ်စိန်စိန်အမည်ပေါက် ကြော်ငြာတွင် တောင်ဥက္ကလာပမြို့နယ်၊ မြေကွက်တည် နေရာအမှတ်-၄၄၃/ခဟု ပြင်ဆင်ဖတ်ရှုပါရန်။

အိမ်အမြန်ရောင်းမည်
(မြို့တွင်း အချက်အချာကျ/နေရာကောင်း)
(၁) ပုသိမ်ညွန့်(၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
(၂) ပုသိမ်ညွန့်(၆)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ဖုန်း-၀၉ ၇၈၁၀၆၆၆၈၄၊ ၀၉- ၇၈၁၀၆၆၆၈၅





# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ပြည်သူလူထုကို အကျိုးပြုမည့်လုပ်ငန်း (၁၃)မျိုးနှင့်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀**

စာမျက်နှာ
၁၆
၁၇
၁၈

# ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံ

## အကြိုပြင်ဆင်ရေးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်း

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်သမ္မတရုံး၏ မေ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/ ၂၀၁၆ ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများပါဝင်လာရေး၊ ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နိုင်ရန် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အတွင်းရေးမှူးအဖြစ် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင် ၁၃ ဦးတို့ ပါဝင်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) လက်မှတ်ရေးထိုးပြီးသည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ (၁) တွင် ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဒိုစောကွယ်ထူးဝင်း၊ အတွင်းရေးမှူး (၁) အဖြစ် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊

**စာမျက်နှာ ၂ ကော်လံ ၃ သို့** ❐



# ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှု လျော့နည်းသော်လည်း အသွားအလာမပျက်ရှိ

**သီပေါ မေ ၃၁**

ရှမ်းမြောက်ဒေသ၌ လတ်တလောရာသီဥတုအခြေအနေနှင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေတို့ကြောင့် ပြည်ပဧည့်သည်များအဝင်နည်းပါးသွားခဲ့သည်။ သို့သော် လုံးဝလျော့နည်းသွားခြင်းမဟုတ်ဘဲအလာမပျက်ရှိနေကြောင်း သိရသည်။ ယခင် သီပေါဘူတာမှ မီးရထားဖြင့်ပြန်သူ နိုင်ငံခြားသား ၃၀ကျော်မျှရှိခဲ့သည်။

ယခုရက်ပိုင်းအတွင်း ရထားစီးပြန်သူနိုင်ငံခြားသားများ သိသာစွာနည်းပါးသွားသည်ဟု ရထားဝန်ထမ်းတစ်ဦးက ပြောသည်။ နိုင်ငံခြားသားများ စိတ်ဝင်စားသော ဟော်အဆောက်အအုံနှင့် ဒေသအလှအပများတည်ရှိရာ သီပေါမြို့သို့ မော်တော်ကား၊ မီးရထား လမ်းနှစ်သွယ်ဖြင့်လာရောက်တတ်ကြသည်။ အချို့က မော်တော်ကားဖြင့်လာ၍ အပြန်ရထားစီးပြန်ကြသည်။ အချို့ကရထားဖြင့်လာပြီး အပြန်ကားစီး၍ ပြန်ကြသည်။ မော်တော်ကားဖြင့်လာလျှင် အကွေ့အထပ်ပေါင်းများစွာနှင့် ဂုတ်တွင်းကားလမ်းအလှကိုတွေ့မြင်ရသည်။ ရထားစီး၍ပြန်လျှင် နာမည်ကျော်ဂုတ်ထိပ်တံတားကြီးကို ကြည့်ရှုမှတ်တမ်းတင်နိုင်ကြသည်။ မီးရထားဖြင့်ပြန်သူများသည် အမှတ် (၁၃၂) လူစီးလားရှိုး-မန္တလေးအစုန်ရထားကို

**စာမျက်နှာ ၂ ကော်လံ ၄ သို့** ❖

